# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်... 


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ “အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲနှင့် ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပသည့် “အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” တေးသီချင်း အဆိုပြိုင်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

**သီဆိုယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြား လှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းဖြစ်သော “သားချင်းများ ဆုံတွေ့သော အခါ”တေးသီချင်းကို ငြိမ့်ညောင်းသာယာ နားဝင်ပီယံ ရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အား ထက်သန်စေမည့် အသံနေ အသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ သီဆိုယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၏ဇနီးနှင့်အတူ ကောင်စီအတွင်းရေးမှူး၏ ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီး များနှင့် အကဲဖြတ်ဒိုင်အဖွဲ့များက ကြည့်ရှုအားပေး ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ “ရှမ်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲ”တွင် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**သီတင်းကျွတ်လ** ဆောင်းပါး စာမျက်နှာ » ၆

**ထူးမြတ်လှစွာ အဘိဓမ္မာအခါ လေ့လာနာယူပူဇော်ရာ** ဆောင်းပါး စာမျက်နှာ » ၁၀

**အရေးပြိုင်ပွဲဝင်ဖို့ဆိုရင် စာပေသက်သက်မဟုတ်ဘဲ စာပေနဲ့ ဂီတ ပေါင်းစပ်ပြီး ဖန်တီးတဲ့ အနုပညာရပ်ဆိုတော့ စာလည်းလေ့လာဖို့လိုတယ်။ ကျောင်းစာအပြင် ကဗျာ၊ လင်္ကာတွေလေ့လာမှ ဒီလိုဖွဲ့နွဲ့တဲ့နေရာမှာ အင်အားကောင်းကောင်းနဲ့ ဖန်တီးနိုင်မယ်** စာမျက်နှာ » ၁၂




ကြေးမုံ

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်။ သီတင်းကျွတ်လတွင် သက်ဿမ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း သီတင်းကျွတ်လတွင် မီးထွန်းပွဲပြုလုပ်ကြသည်။ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ်ဟု သတ်မှတ်ပူဇော်ကြသည်။

မြတ်စွာဘုရားသည် မကုလတောင်၌ ဆဋ္ဌမဝါဆိုတော်မူပြီးနောက် သတ္တမဝါကို တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကိုအမှူးပြု၍ လောကဓာတ်တစ်သောင်းမှ စုဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူသည်။ တရားဟောကြားပြီး ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာ အပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။

ထိုအခါ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းကာ မြတ်စွာဘုရားကို ကြိုဆိုကြသည်။ ဤအခါမှစ၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူတို့သည် သီတင်းကျွတ်လသို့ရောက်သည့်အခါ ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်း ပူဇော်ကြခြင်းဖြစ်သည်။ သီတင်းကျွတ်သည့်အခါ အများပြည်သူတို့အနေဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်သောအားဖြင့် ဆီမီးပူဇော်ထွန်းညှိခြင်းကိုသာ အလေးအနက်ပြုကြလေ့ရှိသော်လည်း အနှစ်သာရမှာ အမိကျေးဇူးဆပ်ခြင်းကို ရည်ညွှန်း၍ အဘိဓမ္မာတရားကို ဟောကြားတော်မူခြင်းဖြစ်ပေသည်။

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုဆိုဆို၊ ဆီမီးထွန်း ပူဇော်ပွဲပြောပြော အဆိုပါနေ့မြတ်သည် မြန်မာလူမျိုးများအတွက်သာမက ထေရဝါဒဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်ပေသည်။ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓကိုရည်မှန်း၍ ဆီမီးပူဇော်သည့် ယဉ်ကျေးမှုအစဉ်အလာမှာ ယနေ့ထက်တိုင် ထွန်းကားနေခြင်းမှာလည်း ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ နေခြင်းသာဖြစ်ပေသည်။ ရှမ်းတိုင်းရင်းသားတို့သည် မီးအလှဆင်ထားသည့် တိုးနရားအကဖြင့် ပူဇော်လေ့ရှိကြပါသည်။ အဆိုပါရှမ်းတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အစဉ်အလာသည် မြတ်ဗုဒ္ဓကို ကြည်ညိုသည့်စိတ်၊ သဒ္ဓါစိတ်မှ ပေါက်ဖွားလာခြင်း ဖြစ်ပေသည်။

မည်သည့်တိုင်းရင်းသားလူမျိုးမဆို မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာ တစ်မျိုးမျိုးဖြင့် ပူဇော်ခြင်းသည် ကောင်းသောကုသိုလ်၊ မြတ်သောအမှုသာဖြစ်သည်။ အစဉ်အလာကောင်းသည့် ဘာသာရေးအခြေခံ အဘိဓမ္မာအခါတော်နေ့၊ ဆီမီးထွန်းပွဲတော်၊ ပဝါရဏာနေ့နှင့် မြင်းမိုရ်မီးပူဇော်ပွဲစသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုးကို ပြုလုပ်၍ ကောင်းမှုပြုကြသည်။ အဓိကမှာ အဘိဓမ္မာတရားတော်ကို နာကြားပူဇော်ခြင်း၊ သီတင်းကွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူခြင်းသည် အနှစ်သာရဖြစ်သည်။ ဤတွင် မြတ်စွာဘုရားရှင် တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွတော်မူသောအခါ မြတ်ဗုဒ္ဓက လောကဝိဝရဏ တန်ခိုးတော်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအချင်းချင်း အဆီးအတားမရှိ မြင်တွေ့ဖူးမြော်ခွင့်ရသည့် ထူးကဲခြင်းဖြစ်ပါသည်။

လောကလူသားကောင်းကျိုးအတွက် မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါ အပေါင်းတို့အားလုံးမကျန် ဖူးမြော်ခွင့်ကို ရရှိခဲ့ရာ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်မှာ ကြီးမားလှပါပေသည်။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်၍၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို နာယူအာရုံပြု၍ ကုသိုလ်ထူးကို ရယူနိုင်ကြမည်ဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်နေ့သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါးစလုံး ရည်စူးပူဇော်နိုင်သော နေ့မြတ်ဖြစ်၍ ထူးကဲလှပေသည်။ မြတ်စွာဘုရား တန်ခိုးတော်၊ အဘိဓမ္မာတရားတော်နှင့် ရဟန်းတို့၏ ကြည်ညိုဖွယ် ပဝါရဏာကို မြင်တွေ့နိုင်ပေသည်။

ရဟန်းတို့သည် သီတင်းကျွတ်လပြည့်သောအခါ အညီအညွတ်စည်းဝေးကြ၍ ထေရ်စဉ်အလိုက် "ငါ့အရှင်တို့ သံဃာကိုဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် ကျွန်ုပ်အားအစဉ်သနားခြင်းကို အကြောင်း ပြု၍ ပြောဆိုကုန်လော့။ မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပဝါရဏာပြုခြင်းသည် ကျက်သရေမင်္ဂလာကောင်းခြင်းအဖြာဖြာနှင့်ပြည့်စုံပေသည်။ ဤသို့ မွန်မြတ်သော အမှုကို ရဟန်းတို့ပြုသကဲ့သို့ လူတို့အနေဖြင့် ဤသို့ပြုနိုင်ကြပါလျှင် မည်မျှအကျိုး ထူးမည်ကို မှန်းဆ၍ပင်ရနိုင်မည်မထင်ပါ။ မည်မျှ ငြိမ်းချမ်းသာယာဝပြောမည် ကို ပြောနိုင်၍ပင် ရမည်မထင်ပါ။ သို့သော် လူတို့အနေဖြင့် ရဟန်းတို့ကဲ့သို့ မပြုနိုင်ပါချေ။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့၏ ဘာသာယဉ်ကျေးမှု ရှေးရိုးအစဉ်အလာမပျက် စိတ်ကြည်နူးချမ်းမြေ့ဖွယ် မီးထွန်းပူဇော်ပွဲနေ့တစ်နေ့ဟု ဆိုသည်ထက် အမိကျေးဇူးဆပ်သောနေ့၊ အဘိဓမ္မာအခါတော်နေ့၊ မြတ်စွာဘုရားရှင် ကို ရည်မှန်းပူဇော်သောနေ့၊ ပဝါရဏာပြုသောနေ့ဟူ၍ မွန်မြတ်သောသဒ္ဓါဆန္ဒဖြင့် ကုသိုလ်ပြုကြမည်ဆိုလျှင် ထူးကဲသောကောင်းမှုကုသိုလ်များ ရရှိကြလိမ့်မည် ဖြစ်ပါကြောင်း။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်သူ့ရင်ပြင်၌ကျင်းပသည့် သီတင်းကျွတ်ဈေးရောင်းပွဲတော်လာပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများရောင်းချပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ယနေ့အထိ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိသည်။



အဆိုပါစက်မှုထုတ်ကုန်နှင့်ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ပွဲတော်လာပြည်သူများအား ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကနီမြို့နယ် ပြည်သူ့စစ်ကျေးရွာမှ ကျောင်းသား ကျောင်းသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ကနီ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ရေလည်ကျွန်း ပြည်သူ့စစ်ကျေးရွာမှ ကျောင်းသား ကျောင်းသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဝေစိုးက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်သူ့စစ်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဝေစိုးနှင့် အဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအားအခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ အဆိုပါအခြေခံစားသောက်ကုန်များပေးအပ်ရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ တစ်ပိဿာနှင့် ကုလားပဲ တစ်ပြည်နှုန်းစီဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးနှင့် အုပ်ချုပ်ကြီးကြပ်သူ နှစ်ဦး စုစုပေါင်း ၁၆ ဦးစာအတွက် ဆန် ၁၂၈ ပြည်၊ ဆီ ၁၆ ပိဿာ၊ ကုလားပဲ ၁၆ ပြည်နှင့် ဆား ငါးပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် သီတင်းကျွတ် ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

## ဖူးမြော်ကြည်ညို

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညို လေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိ ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

## ပေးအပ်လှူဒါန်း

ထို့ပြင် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန် အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါနစတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့ အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ပွဲနှင့် စုပေါင်းဆီမီးဆက်ကပ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဘဒ္ဒန္တဓမ္မာစရိယ အရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋ္ဋကဓရ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့)ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ပွဲနှင့် စုပေါင်းဆီမီးဆက်ကပ်ပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ လျှပ်စစ်မီးစေတီများကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်အလှူငွေများကို ဂေါပကအဖွဲ့သို့ လှူဒါန်းကြပြီး ဆီမီးများ ဆက်ကပ်ပူဇော်ကြသည်။

## ထွန်းညှိပူဇော်

ယင်းနောက် အောင်မြေ၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့်အလှူရှင်များက "နီလာနီလာ" အစချီသော မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားရှင်ကိုပင့်လျှောက်ခြင်း၊ "သောဝဏ္ဏိကံ" အစချီသောရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပန်းရေချမ်း ဆီမီးအမွှေးနံ့သာ ကပ်လှူပူဇော်ခြင်း၊ "ဘဂဝန်ဘုန်းလှိုင်" အစချီသော မဟာပဋ္ဌာန်း တိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ စုပေါင်း၍ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သတင်းကျွတ်လပြည့်နေ့(အဖိတ်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ၊ ကိုကိုဇော်(mna)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲတွင် အဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် "ရှမ်းတိုင်းရင်းသား ရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲ"သို့ တက်ရောက်ကြည့်ရှုအားပေးကာ ယှဉ်ပြိုင်မှုအပြီးတွင် အကအဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)ရှိ Banquet Hall ၌ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ Plenary Hall ၌ မြန်မာအကအခြေခံကဗျာလွတ်အကပြိုင်ပွဲနှင့် News Briefing Room ၌ ဂီတာ အတီးပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာ ဖော်ကျူးယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ ရှမ်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၀)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (10th Beijing Xiangshan Forum)သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ရက်ပေါင်း ၆၀ အတွင်း ယခင်နိုင်ငံရေးပါတီ ၅၀ က မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့ပြီး ပါတီအသစ် ၁၄ ပါတီ လျှောက်ထားလာခဲ့ရာ စုစုပေါင်း ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားလာသည့်ပါတီ ၆၄ ပါတီအနက် ၃၇ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုအတွင်းသာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက် ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့် ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံး စည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်း မရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက် ရပ်တည်ခွင့်ရှိမည် မဟုတ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးပါတီများ ထူထောင်မှုကို စနစ်တကျဖြစ်စေရန် ကော်မရှင်က စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့် ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှုရရှိစေရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက် လျက်ရှိကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန် ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှု များ မဖြစ်စေရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာ တက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီရယူပြီး CVLMS (Central Voter List Management System) ဆော့ဝဲလ် အပါအဝင် အဆင့်မြင့် အိုင်တီ နည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့ စမ်းသပ်မဲပေးနိုင်ရန် စီစဉ် ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီတာဝန်ခံများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေး ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် အသေးစိတ်ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ အတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီတို့မှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်



**ချောင်းဆုံ အောက်တိုဘာ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဟာကန်တော်ကြီးတွင် ရိုးရာအစဉ်အလာများအတိုင်း မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အဖွဲ့ဝင်များက (၃)တက်လှော်လှေလှော် ပြိုင်ပွဲ ဗိုလ်လုပွဲအား ကြည့်ရှုအားပေးခဲ့ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် မတိမ်ကောမပျောက်ပျက်သွားစေရန် ရိုးရာအားကစားများ ဖြစ်သည့် ရိုးရာလက်ဝှေ့၊ ရိုးရာခြင်းလုံးနှင့် ရိုးရာ လှေလှော်ပြိုင်ပွဲများကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး ရိုးရာအားကစားကို မြတ်နိုးတန်ဖိုးထားတတ်စေရန်လိုကြောင်း၊ လူငယ်လူရွယ်များ လှေလှော်အားကစားနည်းကို စိတ်ပါဝင်စားစွာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကြောင့် ဂုဏ်ယူမိကြောင်းပြောကြားသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဆုရရှိသည့် (၁)တက်လှော် ချောင်းဆုံအနောက်အသင်း(ပထမဆု)၊ ကွမ်းသဲအသင်း(ဒုတိယဆု)၊ ကရင်ဝင်းစိန်(က)အသင်း(တတိယဆု)၊ ကရင်ဝင်းစိန်(ခ) အသင်း(နှစ်သိမ့်ဆု)၊ (၃)တက်လှော် မျိုးဆက်သစ်ချောင်းဆုံအနောက်အသင်း(ပထမဆု)၊ မုရစ်ကြီးအသင်း(ဒုတိယ)၊ ကုလားတို့အသင်း(တတိယ)၊ ကညော့်အသင်း(နှစ်သိမ့်ဆု)တို့ကို ပေးအပ်ခဲ့ပြီး ရေကူးအလှပြအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ (၃)တက်လှော် လှေလှော်အသင်း ၁၄ သင်း၊ (၁)တက်လှော် ၁၁ သင်း စုစုပေါင်း ၂၅ သင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၂၇ ရက်က စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းလက်စွဲပါ အတိုင်းလိုက်နာရေးနှင့် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဘသိန်းနှင့် ဝန်ထမ်းများက စီမံကိန်းဆောင်ရွက်သည့် ကျေးရွာ ကိုးရွာဖြစ်သော ဇရပ်ကွင်းကျေးရွာ၊ သရက်ချောင်းကျေးရွာ၊ ပုတ်သင်ညိုကျေးရွာ၊ ဝါးယားကုန်းကျေးရွာ၊ ဖရုံစုကျေးရွာ၊ ဇလုတ်ကြီးကျေးရွာ၊ ဇီးပင်ဝဲ(အောက်)ကျေးရွာ၊ ဝက်စုကျေးရွာနှင့် ရွာတန်းရှည်ကျေးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၃၅ သန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၁ သန်းဖြင့် လမ်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သီတင်းကျွတ်လ

မောင်လူမွှေး(မြန်မာမှု)

သီတင်းကျွတ်လကို ပုဂံခေတ်ထိုးကျောက်စာများတွင် **"သန်တူ"** လဟု ရေးထိုးကြ၏။ ရှေးရေးဗေဒင်ကျမ်းဆေးကျမ်းမှတ်တမ်းများတွင် **"သန်တူ"** လဟုပင် တွေ့ရပေသည်။

လေ့သင်းအတွင်းဝန် ဦးခြိမ့်က သူ၏ဝေါဟာရလီနတ္ထဒီပနီ (ပြောဆိုသော စကားအနက်အဓိပ္ပာယ် လျှို့ဝှက်ရာကို ဖွင့်ဆိုသောကျမ်း)တွင် **"သန်"** ပုဒ်မှာ ဝဿန္တဥတုမှ **"သန်"** ကိုယူ၍ မိုးဥတုရာသီမှာပင် ကျရောက်သော တူရာသီမှ **"တူ"** ကိုယူကာ ပေါင်းစပ်ဝေါဟာရ **"သန်+တူ"**လဟု ခေါ်ဝေါ်ကြောင်း ဖွင့်ဆိုထားလေသည်။

ဤအဆိုကို လက်မခံလိုပေ။ ပုဂံခေတ်ဦးဝေါဟာရများသည် သာခုသာခုခေါ်သည်ကိုပင် **"ကောင်းလောင်တည်း ကောင်းလောင်တည်း" "ကောင်းပေ၏ ကောင်းပေ၏"** ဟု မြန်မာစကားစစ်စစ်ဖြင့် ရေးထိုးကြ၏။ ဆင်းရဲ-ချမ်းသာ-ကောင်းမှု-မကောင်းမှု စသည်တို့ကိုလည်း မူရင်းမြန်မာဝေါဟာရအတိုင်း သုံးစွဲကြလေသည်။ နောင်ဗုဒ္ဓဘာသာ လှိုင်လှိုင်ကြီးထွန်းကားလာသောအခါမှ ဆင်းရဲ+ဒုက္ခ (ပါဠိသက်)၊ ချမ်းသာ+သုခ(ပါဠိသက်)၊ ကောင်းမှု+ကုသိုလ်(ပါဠိပျက်)၊ မကောင်းမှုဒုစရိုက်(ပါဠိပျက်)၊ အိုး+စရည်း မြန်မာမွန်) စသည်ဖြင့် ဝေါဟာရတွဲစပ်သုံးစွဲလာကြလေသည်။ အလွန်ရှေးကျသောအခါက ဝဿန္တနှင့် တူရာသီဝေါဟာရနှစ်ခုကို ဆက်စပ်၍ **"သန်တူ"** ဟု သုံးလာသည်ဆိုခြင်းမှာ မဖြစ်နိုင်တန်ရာပေ။ ဘာသာစကားဝေါဟာရတို့သည် ဆယ်စု-ရာစု တိုင်ပြီးမှသာ အရှည်တည်တံ့မြဲဖြစ်ပေသည်။

ဆရာကြီး ဦးဖိုးလတ်ကမူ **"သန်"** သည် ကောက်စပါးကိုပြဆိုသော မြန်မာစကားဖြစ်သည်။ မိုးရာသီကာလ လုပ်ဆောင်သောလယ်ကို သန်လယ်၊ ဆောင်းဥတုကာလ လုပ်ဆောင်သော လယ်ကို မူရင်းလယ်ဟုခေါ်ကြရာ **"သန်"** သည် ကောက်စပါးကိုပြဆိုသော မြန်မာစကားစစ်စစ်ဖြစ်သည်။ **"တူ"** မှာလည်း တစ်စုံတစ်ခုကို ထောင်မတ်သည်။ စိုက်သည်ဟူသော အဓိပ္ပာယ်ရသည့် **ထူ-တူ** ဝေါဟာရမှ **"တူ"** သာဖြစ်သည်။ ထူမတ်ခြင်း၊ ထောင်ခြင်း၊ တက်၊ ထွက်၊ ထ၊ ထောင်၊ ပေါက်၊ အဓိပ္ပာယ်ကို မြန်မာတို့နှင့် ဘာသာစကားနီးနွယ်သောဆိုဘာသာ၊ ပေါင်းရှည်ချင်းဘာသာ၊ လီဆူဘာသာ၊ တရုတ်ဘာသာတို့တွင် **"တူ"** ဝေါဟာရကို သုံးပေသည်။ ဆရာကြီး ဦးဖိုးလတ်၏ သုတေသနပြုချက်ကို ထောက်ခံရပါမည်။

**"သန်တူလ"**မှ သီတင်းကျွတ်လကို ပြောင်းလဲလာပုံတို့မှာ - ဗုဒ္ဓဘာသာကို အခြေခံ၍ ဖြစ်လာသောအရာဖြစ်ပေသည်။ အင်းဝခေတ် သက္ကရာဇ်-၈၀၀ ဝန်းကျင်တွင် ရေးထိုးခဲ့သော ကျောက်စာများတွင် **"သီတင်းကျွတ်"** ဆိုသော ဝေါဟာရကို တွေ့ရပေပြီ။ ထိုကျောက်စာများသည် တချို့ **"ဆင့်ထိုး၊ နောက်ထိုး"** ကျောက်စာများရှိသည်ဆိုသော်လည်း **"သန်တူလ"** အစား **"သီတင်းကျွတ်"** ဝေါဟာရကိုလည်းသုံးစွဲနေလေပြီ။ (သံဃရာဇာကျောက်စာ သက္ကရာဇ်-၈၂၅)

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိ ကျောက်စာတို့တွင်လည်း သီတင်းကျွတ်ဝေါဟာရကို လှိုင်လှိုင်သုံးလာကြသည်။ သက္ကရာဇ် ၈၅၂ ခုနှစ်၊ မူလ မင်းရဲကျော်စွာ ထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီ ကျောက်စာတော်ကို **"၁၁၃၇-နှစ်တွင် ဘိုးတော်ဘုရားက ဆင့်ထိုးခဲ့ရာ- "သက္ကရာဇ် ၁၁၄၂ - ခု၊ သီတင်းကျွတ်လပြည့်ကျော်"** ဟု ရေးထိုးလေသည်။

ပုဂံစောရဟန်း ကျောက်စာတွင် **"သတင်းတိုင်" "သတင်းချွတ်"** ဟူ၍လည်းကောင်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် **"သတင်းနေ့၊ သတင်းသည်၊ သတင်းတည်းကုပ်"** ဟူ၍ လည်းကောင်း၊ ခေတ်အလိုက် ရေးသားလာခဲ့ကြရာ **"သီတင်း"** ဟု ယနေ့ခေတ်ရေးထုံး **"သ"** တွင် လုံးကြီးတင်ဆန်ခတ်နှင့် မရေးဘဲ **"သတင်း"** ဟုသာ ရေးခဲ့ကြပေသည်။

မြန်မာဝေါဟာရများသည် ပုဂံခေတ်နောက်ပိုင်းမှသည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားဘာသာစကားများနှင့် ပို၍ပို၍ ပေါင်းစည်းရေးသားပြောဆိုလာကြသည်။ မွန်ဘာသာ၌ ရဟန်းသံဃာတော်တို့နှင့် မြင့်မြတ်သူတို့အသုံးပြုသော ကျောင်းတွင် နေထိုင်သည့်အရာကို **"သ္တင်"** ဟုသုံး၏။ မြန်မာတို့တွင်လည်း **"သ"** နှင့် **"တ"** ကို ဆင့်လျက်ရေးသော ပုဂံခေတ်ကျောက်စာများကို တွေ့ရ၏။ ရဟန်း သံဃာတော်တို့နေထိုင်ရာ ကျောင်းတော်ကို **"သတင်းသုံး"** သည်ပြောကြ၏။ ဤအထိ **"သ"**တွင် လုံးကြီးတင်ဆန်ခတ် မပါသေးပေ။

ရဟန်းတို့နေထိုင်ခြင်း၊ သီလကို ကျင့်သုံးဆောက်တည်ခြင်းတို့သည် မကွဲမပြား တစ်သားတည်းဖြစ်သဖြင့် **"သီတင်း"** ဟူသောပုဒ်သည် သီလကိုကျင့်သုံးဆောက်တည်၍ နေထိုင်ခြင်း၊ ဝိနည်းတော်အရ ဝါတွင်းသုံးလပတ်လုံး ကျင့်သုံးနေထိုင် သီတင်းသုံးခြင်းမှ သီလဆောက်တည်ခြင်းသို့ ဦးတည်အဓိပ္ပာယ်ကူးပြောင်းသွားလေသည်။

ထို့ကြောင့် သီတင်းကျွတ်ဆိုသည်မှာ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး သီလကျင့်သုံး(ဝါဆို) ဆောက်တည်နေထိုင်ခြင်းမှ လွတ်မြောက်သောလဟု အဓိပ္ပာယ်ရသော ဝါကျွတ်လ၊ သီတင်းကျွတ်လ"ဟု ခေါ်ဝေါ်လာကြလေတော့သည်။

သီတင်းကျွတ်လ၏ ပွဲတော်မှာ မီးထွန်းပွဲတော်ဖြစ်ပေသည်။ ဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာ၌ ဝါဆိုတော်မူပြီး ထိုမှသင်္ကဿမြို့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ကြွဆင်းတော်မူကြောင်းကို ဗုဒ္ဓဝင်ဆိုင်ရာ စာပေများ၌ ပါရှိလေသည်။

ပုဂံခေတ်ထိုး ကျောက်စာအလှူများစာရင်းများတွင် ညောင်ရေသွန်းအလှူ၊ စာရေးတံမဲအလှူ၊ ကထိန်အလှူ၊ ပွဲသကူအလှူ စသည်ဖြင့်ရှိရာ မီးဖုန်းအလှူသည်လည်း ပါဝင်ပေသည်။

ပုဂံမှသည် အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်ထိ ဆီမီးမြင်းမိုရ်ခေါ် မီးထွန်းပွဲတော်ကို ဘုရင်ကိုယ်တော်တိုင် ကြွရောက်ကျင်းပကြသည့် မှတ်တမ်းမှတ်ရာများကို လောကဗျူဟာ အင်ရုံစာတမ်းတွင် တွေ့နိုင်ပေသည်။

ဘိုးတော်ဘုရားလက်ထက် ထင်ရှားခဲ့သော စာဆိုတော်ဦးယာက သီတင်းကျွတ်မီးထွန်းပွဲတော်ကို **"လူးတား"** ဖြင့်ဖော်ပြခဲ့ရာ ပွဲသဘင်ကို ကွက်ကွက်ကွင်းကွင်းထင်မြင်မှုတွေ့ရမြင်ရသကဲ့သို့ ခံစားရပေ၏။ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် တွေ့နိုင်ပေ၏။

ကိုလိုနီခေတ် အင်္ဂလိပ်စာရေးဆရာကြီး ရွှေရိုးအမည်ခံ Sir James Scott က မင်းတုန်းမင်းခေတ် မီးထွန်းပွဲတော်အကြောင်း ရေးသားချက်ကို သူ၏ (Burmar) စာအုပ်တွင် အကျယ်တဝင့်ရေးထားရာ ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို တင်ပြထားသော ဒြပ်မဲ့ယဉ်ကျေးမှု(Intangible Cultural Heritage) မှတ်တမ်းကြီးဖြစ်ပေသည်။

သီတင်းကျွတ်လ၏ အခြားထူးခြားချက်တစ်ရပ်မှာ **"ပဝါရဏာ"** ပွဲဖြစ်ပေသည်။ ပဝါရဏာပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များ မိမိတို့ကျောင်းတိုက် သိမ်အတွင်း ပြုလုပ်ကြရသည်။ သတ်မှတ်အချိန်အတွင်း စုရုံးရောက်ရှိကြပြီး သံဃပရိသတ်စုံသောအခါ ဦးစွာဥပုသ်ပြုသည့်နည်းအတိုင်း ပြုလုပ်ပြီး သမ္မုတိရသော ရဟန်းတော်နှစ်ပါးက အမေးအဖြေပြုရသည်။ အဖြေရဟန်းတော်က ပဝါရဏာကံအတွက် ဥ တ်ထား (ပါဒကံမည်ဟု သံဃာကို ရှေးဦးစွာအသိပေးခြင်း) ရသည်။ သိက္ခာဝါကြီးသော မထေရ်က လက်ဝဲပခုံးပေါ် ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် "ငါ့ရှင်တို့ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကို မြင်သော် လည်းကောင်း၊ ကြားသော် လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်တော်ကိုရှု၍ ကုစားပါမည်ဘုရား" ဟု သုံးကြိမ်တိုင်တိုင် သံဃာကို ဖိတ်ကြား တိုက်တွန်းရ၏။ ထို့နောက် ထေရ်ဝါလိုက် ဤသို့ပင် မြွက်ဆိုပြီး ကျန်ရဟန်းတော်များက "သာခု" သုံးကြိမ်ခေါ်ကြရသည်။ ပြီးသောအခါ အကြီးအမှူး ဆရာတော်က ဩဝါဒစကား မိန့်ကြားတော်မူလေသည်။

ပဝါရဏာပွဲဖြစ်ပေါ်လာပုံမှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သီတင်းသုံးဖော် ရဟန်းတစ်စုသည် ကောသလတိုင်း ဇနပုဒ်တစ်ခု၌ ဝါဆိုကြ၏။ ထိုရဟန်းတို့သည် စကားနည်းရန်စဲဆိုသလို အချင်းချင်းမခေါ်မပြောဘဲ နေထိုင်ခြင်းသည် ငြင်းခုံမှုမပေါ်နိုင်ဟု ယူဆကာ နေကြ၏။ ဝါလကျွတ်၍ ဘုရားရှင်ကို သွားရောက်ဖူးမြော်ကြ၏။ ဘုရားရှင်က အကျိုးအကြောင်းမေးမြန်းရာ အထက်ဖော်ပြပါနေထိုင်ကြသည်ကိုလျှောက်ထားကြလေသည်။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့ အချင်းချင်း မခေါ်မပြောဘဲနေခြင်းသည် တိရစ္ဆာန်တို့နေခြင်းမျိုးသာ ဖြစ်သည်။ ရန်သူအချင်းချင်း နေခြင်းနှင့်တူသည်။ ချမ်းသာစွာ နေထိုင်ခြင်းမျိုးမဟုတ်၊ အဘယ်ကြောင့် တိတ္ထိတက္ကဒွန်းတို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြသနည်း။ သူအတို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြရသနည်း။ ဒါယကာ၊ ဒါယိကာမတို့ အကြည်ညိုပွားစေနိုင်သော အကျင့်မျိုးမဟုတ်၊ ယင်းအကျင့်မျိုး မကျင့်ရ၊ ကျင့်သည့်ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ"ဟု ပညတ်တော်မူ၏။

ထိုမျှသာမက သီတင်းကျွတ်သည့်အခါ ရဟန်းတော်များပြုကျင့်ရမည့် စည်းလုံးညီညွတ်စွာ နေထိုင်ခြင်း၊ ပန်ကြားပြောဆိုခြင်းများကို ညွှန်ပြပညတ်တော်မူ၏။ "ရဟန်းတို့ ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ သံသယရှိ၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ပဝါရဏာပြုခြင်း(ဝါ)ဖိတ်ကြားခြင်းငှာ ခွင့်ပြု၏။

စာမျက်နှာ ၇ သို့ ○



> **သီတင်းကျွတ်လ၏ အခြားထူးခြားချက်တစ်ရပ်မှာ "ပဝါရဏာ" ပွဲဖြစ်ပေသည်။ ပဝါရဏာပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များ မိမိတို့ကျောင်းတိုက် သိမ်အတွင်း ပြုလုပ်ကြရသည်။ သတ်မှတ်အချိန်အတွင်း စုရုံးရောက်ရှိကြပြီး သံဃပရိသတ်စုံသောအခါ ဦးစွာဥပုသ်ပြုသည့်နည်းအတိုင်း ပြုလုပ်ပြီး သမ္မုတိရသော ရဟန်းတော်နှစ်ပါးက အမေးအဖြေပြုရသည်။ အဖြေရဟန်းတော်က ပဝါရဏာကံအတွက် ဥ တ်ထား (ပါဒကံမည်ဟု သံဃာကို ရှေးဦးစွာအသိပေးခြင်း)ရသည်။ သိက္ခာဝါကြီးသော မထေရ်က လက်ဝဲပခုံးပေါ် ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် "ငါ့ရှင်တို့ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း၊ တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်တော်ကိုရှု၍ ကုစားပါမည်ဘုရား" ဟု သုံးကြိမ်တိုင်တိုင် သံဃာကို ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်ဝါလိုက် ဤသို့ပင်မြွက်ဆိုပြီး ကျန်ရဟန်းတော်များက"သာခု" သုံးကြိမ်ခေါ် ကြရသည်။ ပြီးသောအခါ အကြီးအမှူးဆရာတော်က ဩဝါဒစကား မိန့်ကြားတော်မူလေသည်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်



**စစ်တွေ အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့တွင်း သန့်ရှင်းသာယာရေး အတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်း၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ စစ်တွေမြို့ဝက်ပါကွင်း၌ ကျင်းပလျက်ရှိသည့် သီတင်းကျွတ်ည ဈေးရောင်းပွဲကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ အဖိတ်နေ့တိုင်း သံဃာတော်အပါး ၅၀၀ နှင့် သီလရှင်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာ့ဗိမာန်၌ သံဃာတော် အပါး ၅၀၀ နှင့် သီလရှင်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ပြည်နယ်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒသိရိ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ထံမှ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အမှူးပြုသောဒည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**လောင်းလှူ**

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လောကာနန္ဒာစေတီတော်ဝင်းအတွင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ အဖိတ်နေ့ သံဃာတော် အပါး ၅၀၀ နှင့် သီလရှင်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ပြီး သံဃာတော် အပါး ၅၀၀ နှင့် သီလရှင်တို့အား ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**ဇလွန် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး ဆင်းသုခစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် မေရီလမ်းကျေးရွာအုပ်စု တောင်သူ ဦးဝင်းမြင့်ဦး၏လယ်မြေ၌ ကျင်းပခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် အစို ၁၂၆ ဒသမ ၆၄ တင်းရရှိပြီး အခြောက် ၁၁၆ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။ အဆိုပါ မိုးစပါးဆင်းသုခစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲသို့ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

# ဝါကျွတ်ချိန်ခါ ထုံးစဉ်လာ

**အဘိဓမ္မာညွှန့်ဖူး၊ တရားဦး**
**ကျေးဇူးတုံ့ဆပ် အမိနတ်။**

**တုံ့ဆပ်ပြီးခါ၊ မြတ်ဗုဒ္ဓါ**
**ဝတိံသာမှ၊ သက်သည်။**

**ဝန်းကျင်ပတ်ချာ၊ နတ်ပြဟ္မာ**
**ပန်ထွာခယ၊ ဦးနှိမ်ချ။**

**မြို့ရွာညာကြေ၊ များဝေနေ**
**ရှိသေတုပ်ကွ၊ ဖူးမြော်ကြ။**

**မိုးပျံမီးပုံး၊ ရှစ်နယ်ဖုံး**
**တိမ်ဆုံးမိုးထိ၊ စူဠာမဏိ။**

**တန်ဆောင်ဆီမီး၊ အသီးသီး**
**ညီးညီးပသ၊ ပူဇော်ကြ။**

**သက်ကြီးဘွားဘိုး၊ စဉ်လာမရိုး**
**မြတ်နိုးကော်ရော်၊ ရှိပူဇော်။**

**ဝါဆိုသံဃာ၊ ထုံးစဉ်လာ**
**သိက္ခာပြည့်ဝ၊ တစ်ဝါရ။**

**ဝါစဉ်ထေရ၊ ရှိသေကြ**
**သံဃစဉ်လာ၊ ပဝါရဏာ။**

**ဖူးစာနတ်ရှင်၊ လေးမြားပြင်**
**သွင်သွင်ချစ်မြား၊ ပေးသနား။**

**ကြာမျိုးငါးမည်၊ ကန်ရေကြည်**
**ဝေစည်ပွင့်ကြ၊ ရှုတိုင်းလှ။**

**မိုးအမှုန်ရှင်၊ နှုတ်ဆက်သွင်**
**ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။**

**မြောက်ပြန်လေပွေ၊ ညင်းပြည်ပြည်**
**သုတ်လေဖြူးစ၊ သရဒ။**

**ကျော်စောဟန်**

○ စာမျက်နှာ ၆ မှ

ထိုသို့ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်း လိုက်လျောညီညွတ်၍ အာပတ်စင်ကြယ်၏။ ဝိနည်းကို လေးစားရာ ရောက်သည်ဟု မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြား ပညတ်တော်မူသည်မှစ၍ ပဝါရဏာပွဲတော် ဖြစ်ပေါ်လာခဲ့လေသည်။

**လောက၌ လူသားတို့သည် သူတစ်ပါးအပြစ်ကိုသာ ရှေးရှုကြကုန်၏။ ကိုယ့်အပြစ်ကိုရှု၍ ဝေဖန်ထောက်ပြတည့်မတ်ဖို့ရာကို ပြုနိုင်ခဲကြပါ၏။ ပဝါရဏာကမူ မိမိကိုယ်ကို ဝေဖန်သုံးသပ်၍ ဆင်ခြင်တုံသဘောတရားကို သံဃာ့အဖွဲ့အစည်းတွင် အုတ်မြစ်ချပေးလိုက်ရာ ယနေ့တိုင် ဗုဒ္ဓသာသနာတော်ကြီးသည် နှစ်ပေါင်း ၂၅၆၇ နှစ်တိုင် တည်တံ့ခိုင်မြဲနေ၏။ တည်တံ့ခိုင်မြဲမှုထဲတွင် ထိုအကြောင်းအရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရာ၏။**

ဘာသာရေးသုတေသီ ပညာရှင်များက ပဝါရဏာဥပဒေသည် ဂေါတမဗုဒ္ဓ၏ ရှေးအကျဆုံး၊ ခေတ်အမီဆုံးနှင့် တိုးတက်မှုလမ်းစဉ်ဖြစ်ကြောင်းကို လက်ခံပြောဆိုကြကုန်၏။

ထို့ကြောင့် ဤဝေဖန်ရေးအစဉ်အလာကောင်းကို သံဃာတော်များသာမက လူများကလည်း Paradigm အနေနှင့် နည်းယူအသုံးချပါက အထူးကောင်းလှပေ၏။ သင့်လျော်လှပေ၏။

Dale Carnegie ၏ ကမ္ဘာကျော် မိတ္တဗလဋ္ဌိကာကျမ်းသည် ရာစုနှစ်ပင် မပြည့်သေး။ Napoleon Hill ၏ တက်ကျမ်းသည်လည်း ရာစုနှစ်ပင် မပြည့်သေးပေ။ ထိုစာအုပ်များတွင် တစ်ဦးနှင့်တစ်ဦး အထက်နှင့်အောက် ကျင့်သုံးနေထိုင်ရေးနည်းလမ်းကောင်းများကို ရေးသားထားရာ ဤပဝါရဏာသဘောတရား ပါဝင်နေသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ပဝါရဏာ လမ်းညွှန်မှုကား နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပေပြီ။

ဗုဒ္ဓဘုရားရှင်လက်ထက် ဝါလကျွတ်ပါက ဘုရားရှင်ထံသို့ အရပ်လေးမျက်နှာမှ ရဟန်းတော်အသီးသီး လာရောက်ကန်တော့ကြ၏။ ထိုမှတစ်ဆင့် ဝါစဉ်ဝါလိုက်ကန်တော့ခံကြသည့်သာဓကများ ရှိလေသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုမှ မြစ်ဖျားခံလာသော မြန်မာ့ယဉ်ကျေးမှုသည် ရဟန်းတော်များ၊ ဝါစဉ်ဝါလိုက် ကန်တော့ခံကြသလို မင်းညီမင်းသားနှင့် မှူးမတ်သေနာပတိများက ဘုရင်မင်းမြတ်ကို ကန်တော့ကြကုန်၏။ မြန်မာမဟာမင်းခန်းတော်ဆိုင်ရာတွင် ကန်တော့ခံပလ္လင်(ပလ္လင်ရှစ်ခန်း)ကို သီးခြားလုပ်ဆောင်ထားသည်အထိ ရှိပေသည်။

ထိုကန်တော့ခြင်းသည် ဘုရင်နှင့် မင်းညီမင်းသား မှူးမတ်များသာမက တိုင်းသူပြည်သားများ အနေဖြင့်လည်း သက်ကြီးဝါကြီးပူဇော်ပွဲများကို ထိုနည်းတူ ကျင့်သုံးလာကြပေသည်။ သက်ကြီးဝါကြီးတို့၏ ဆုံးမစကားဩဝါဒများကို ခံယူ၍ ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာမင်္ဂလာစသည့် မင်္ဂလာတရားတော်များကို တစ်ပြိုင်နက် ဖြစ်စေသော၊ ရစေသော သီတင်းကျွတ်လရဲ့ယဉ်ကျေးမှု ဖြစ်ပါသတည်း။ ။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ



အလွတ်တန်းအဆင့် ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ အမျိုးသားဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ကာ နိုင်ငံတော်ကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်၏ သမိုင်းကြောင်းရှည်လျားသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ အရှည်တည်တံ့စေရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး၊ နိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်ကိစ္စ ဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ ဓလေ့ထုံးစံမှသည် မိမိတို့ နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင် လက်ဆင့်ကမ်းသွားကြရန် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယနေ့တွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လုလင်ငယ်သွေး” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က “သားချင်းများ ဆုံတွေ့သောအခါ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဟေမာန်ဖြိုးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မကေရီသူနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယုဇနနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မနန်းဖူးပြည့်စံသာနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မမိဆုကြယ်စင်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မလွင်လွင်ကျော်နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မဇင်မေဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မနွယ်နွယ်ဝင်းနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မသူသူလှိုင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြူစင်ဝင်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မနဒီရွှန်းလဲ့နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဖြိုးအိဇင်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်း ဒေသကြီးမှ မအေဏီကိုနှင့်အဖွဲ့ တို့က အခြေခံကဗျာလွတ် ကကြိုး ကကွက်များကို အဖွဲ့လိုက် ညီညာ လှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြ ယှဉ်ပြိုင်ကြသည်။

**ရှမ်းတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဦးစွာ ရှမ်းပြည်နယ် ရိုးရာအကအဖွဲ့က ရှမ်းတိုင်းရင်းသားရိုးရာအကကို ရှမ်းအက၊ ရှမ်းဟန် ကကွက်များ ပေါင်းစပ်၍ စံပြအနေဖြင့် သရုပ်ပြ ကပြကြသည်။

ထို့နောက် **ရှမ်းတိုင်းရင်းသား ရိုးရာအက (အလွတ်တန်း)အဆင့် ပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်မှ မကေသွယ်စိုး နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မနန်းဧကရီနှင့်အဖွဲ့၊ ရန်ကုန် တိုင်းဒေသကြီးမှ ဒေါ်ဖူးဖူးမော်နှင့် အဖွဲ့၊ ချင်းပြည်နယ်မှ မလဝန်းအိမ် နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မနန်းနှင်းနှင်းသဇင်လှိုင်နှင့် အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မအေး မြတ်သူနှင့်အဖွဲ့၊ မကွေးတိုင်း ဒေသကြီးမှ မဆုလဲ့ရည်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ ဒေါ်လဲ့လဲ့ထွန်း နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မနွေး နွေးအောင်နှင့်အဖွဲ့၊ တနင်္သာရီ တိုင်းဒေသကြီးမှ မမေမြတ်မြတ် လင်းနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မိရင်ရင်ဦးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မခင်ရတနာဦးနှင့်အဖွဲ့နှင့် စစ်ကိုင်း တိုင်းဒေသကြီးမှ မချောဆုပို နှင့်အဖွဲ့တို့က ရှမ်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် ရှမ်းပြည် အလှ ရှမ်းတို့ရိုးရာအက သီချင်း နောက်ခံဖြင့် လှပကျော့ရှင်းသည့် ရှမ်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ရှမ်းအလှ၊ ရှမ်းဟန် တို့နှင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင် ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ တွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ က မင်းသားကြိုးဆွဲရုပ်သေးရုပ်၊ မင်းသမီးကြိုးဆွဲ ရုပ်သေးရုပ်တို့ ဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန် ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်း ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက မင်းသား ကြိုးဆွဲရုပ်သေးရုပ်၊ မင်းသမီး ကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် လည်း ကောင်း ကကြိုးကကွက် စုံလင် စွာဖြင့် အနုပညာရသမြောက် ဖော်ကျူးကပြ ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပ ရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝါကျွတ်အခါမီ တူရာသီ” ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် ပြိုင်ပွဲတွင် မကွေး တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဗလငါးတန် ဒို့ရည်သန်” ခေါင်းစဉ်ဖြင့်လည်း ကောင်း ဂီတရသစုံလင်စွာ ဖော်ကျူး တေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဂီတာအတီးပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) **စာမျက်နှာ ၉ သို့** ❖




အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ရုပ်သေးကြိုးဆွဲအကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ် ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အရေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

❖ စာမျက်နှာ ၈ မှ




အဆင့်မြင့်ပညာ အမျိုးသားဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်စဉ်။

News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူပြာမူရာ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူပြာမူရာ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “သီလာမြေယံ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာအောင်ချာ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “နန်းဘုံသီဟာဘွေ”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေလည်တိုင်” (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဆန်းဆန်းသဍ္ဍာကြာညောင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကန္တာတောခြေ” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မိုးသက်လေနှင်” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီး ပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်ချာမြေကို”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မှိုင်းမှိုင်းမြ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကန္တာတောခြေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှန်ရဝေ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂန္ဓာတောင်” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိ ဘုန်းတော်” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ထွေထွေဆန်းဆန်း” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆဒ္ဒန်အိုင်သာ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆဒ္ဒန်အိုင်သာ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုရားအလောင်းယုန်မင်း ဇာတ်တော်ကြီး” ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြော ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် ပဲခူး တိုင်းဒေသကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ် ရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြေများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု စစ်ကိုင်းတိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီး အဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အတီးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း (စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ ဆိုင်း) တို့ကို မဲကျရာသီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ပြိုင်ပွဲများတွင် သတ်မှတ်ပြိုင်ပွဲဝင် ဦးရေအတိုင်း၊ သတ်မှတ်အချိန်ကာလအတွင်း သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ပါဝင်ယှဉ်ပြိုင်ကြရသည်။ ယခုနှစ်တွင် အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲများကို ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြပြီး ကျန်အတီးပြိုင်ပွဲများကို အဆင့်အားလုံးက ပါဝင်ယှဉ်ပြိုင်နိုင်ရန် ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**




ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားဂီတာအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပတ္တလားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပတ္တလားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။





အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အရေးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ထူးမြတ်လှစွာ အဘိဓမ္မာအခါ လေ့လာနာယူပူဇော်ရာ

ရဟန်းသံဃာတော်များ ဝါတွင်းကာလသုံးလတာလွန်မြောက်ပြီး မကြာမီ ဝါမှထွက် ဝါကျွတ်ကြတော့မည်။ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းက ထိုဝါကျွတ်ဝါလကင်းလွတ်သောနေ့ကို သတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့အဖြစ် အထွတ်အမြတ်ထားကြသည်။ ထိုနေ့ကို မိဘကျေးဇူးဆပ်သောနေ့တစ်နေ့အဖြစ် ဘုရားရှင်ကို ရည်မှန်းပြီး အဘိဓမ္မာတရားကို ပူဇော်နာယူမှုပြုကြသည်။ ထို့နေ့တွင်ပင် တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာသော မြတ်စွာဘုရားရှင်ကို နတ်၊ ဗြဟ္မာ၊ မင်းနှင့် ပြည်သူတို့က ဆီမီးတန်ဆောင်ထွန်းလင်းရောင်ဖြင့် ထွန်းညှိပူဇော်ခဲ့ကြဖူးသည်။ ဤနေ့တွင်ပင် ထူးမြတ်လှစွာသော အဘိဓမ္မာတရားတော်ကြီးကို မင်းနှင့်ပြည်သူတို့ စတင်နာကြားခွင့်ရခဲ့ကြပြန်သည်။

ဒေါက်တာမြတ်မိုး




### ဝိသေသထူးများနှင့် ဂုဏ်ယူဖွယ်ရာ အဘိဓမ္မာအခါတော်

အထက်ပါ ဝိသေသများကိုအစွဲပြု၍ ရိုးရာမပျက် အစဉ်အလာဆက်ကာ မြတ်စွာဘုရားဂုဏ်တော်ကို ရည်မှန်း အာရုံပြု မီးထွန်းပွဲများ ကျင်းပကြခြင်းဖြစ်သည်။ တစ်ဖန် သတင်းကျွတ်ရာသီတွင် မိမိထက် အသက်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးသူ ကျေးဇူးရှင် မိဘ၊ ဆရာ၊ ဘိုးဘွား၊ အစ်ကို၊ အစ်မတို့အား ဂါရဝ ရှေ့ထား ကန်တော့ကြခြင်းဖြင့်လည်း ဗုဒ္ဓ၏အမွေကို လက်ဆင့်ကမ်းသယ်ယူခဲ့ကြပြန်သည်။

ကိလေသာကင်းပြီးသော မြတ်စွာဘုရား၏ ဓမ္မအမွေကို ဆက်ခံခြင်းသည် ကောင်းမြတ်သော မင်္ဂလာပင်ဖြစ်သည်။ ကျေးဇူးဆပ်ခံရသူက မြတ်စွာဘုရား၏ မယ်တော်မာယာဖြစ်ခဲ့ဖူးသည့် တုသိတာနတ်ပြည်ရှိ သန္တုသိတနတ်သား၊ တရားနာယူကြသူများကား တာဝတိံသာနတ်ပြည်ရှိစကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများ၊ ဟောကြားသည့်ဓမ္မကား အဘိဓမ္မာတရား။ ထိုတရားသည် ဘုရားရှင် ခုနစ်ဝါမြောက်တွင် ဝါတွင်းသုံးလပတ်လုံး အစ၊ အဆုံးတစ်ထိုင်တည်း ကျယ်ကျယ်ပြန့်ပြန့်နှင့် အသံမစဲ အသေးစိတ် ဟောကြားခဲ့သည့် ကျေးဇူးဆပ်တရားအမည်တွင်၍ "ထူးခြားသည်" ဆိုသော ဂုဏ်ကိုဆောင်သည်။

ဘုရားရှင်လက်ထက်က အဘိဓမ္မာတရားကို နာယူဖူးသူများတွင် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ၅၀၀ လည်း ပါဝင်ခဲ့သည်။ ထိုရဟန်းတို့သည် အရှင် ကဿပဘုရားလက်ထက်က လင်းနို့သား ၅၀၀ ဖြစ်ခဲ့ဖူးကြပြီး ဘုရားဟောသော ထိုအဘိဓမ္မာတရားကို နေ့စဉ်နာကြားရုံမျှဖြင့်ပင် အကြိမ်ကြိမ်နတ်သားဖြစ်၊ ဂေါတမဘုရားရှင်လက်ထက် အရောက်တွင် ရဟန်းဘဝ ရောက်ခဲ့ကြသူများဖြစ်ပြီး လက်ယာတော်ရံ အရှင်သာရိပုတ္တရာထံမှ အဘိဓမ္မာတရားကို မကျဉ်းမကျယ်နာယူခဲ့ရသည့် လေးနက်သည့်ကုသိုလ်တရားများကို လက်ဆင့်ကမ်းဆောင်ယူခဲ့ကြသူများဖြစ်ပါသည်။

ကျေးဇူးရှင်မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရရှိပြီး ၄၅ ဝါပတ်လုံး ဟောကြားခဲ့သည့် "ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မ" အစစ်အမှန် အဆုံးအမများအနေဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိခဲ့ပြီး ထိုတရားအားလုံးကို သုံးပုံပုံ၍ "ပိဋကႛ ဟူသော ခြင်းတောင်း၌ သိုမှီးသိမ်းဆည်းထားရာ၌ အဘိဓမ္မာတရားများက ဓမ္မက္ခန္ဓာအားဖြင့် ၄၂၀၀၀ အထိ သိမ်းဆည်းနေရာယူထားသည့်အတွက် အရေအတွက်အားဖြင့် သာလွန်နေပြန်သည်။ ထို့ကြောင့်လည်း "အဘိ" သာလွန်ထူးခြားမှုအပြင် "ဓမ္မ" ကုသိုလ်ထူးသည့် ကျေးဇူးတရားအဖြစ် လူနတ် ရဟန်းသံဃာအပေါင်းတို့က ပူဇော်အထူးပြုကြခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် လူပုဂ္ဂိုလ်ပေါင်းများစွာတို့သည် ထိုအဘိဓမ္မာတရားကို နာကြားသင်ယူ လေ့လာ ပူဇော်နိုင်ကြပြီဖြစ်ရာ လူ့ပြည်၊ နတ်ပြည် နှစ်ဌာနလုံးတွင် ဟောကြားနာယူနိုင်သည့် တရားတော်ကြီးအဖြစ် ဂုဏ်ယူစရာကောင်းလှပါသည်။

### ခန္ဓာကို အဘိဓမ္မာနှင့်တိုက်ပြီး ကိုယ့်ကိုယ်ကိုယ် သိအောင်လုပ်နေမှသာ

ကာမဘုံသားဘဝတွင် လူဟူ၍ဖြစ်လာလျှင် ဦးစွာ ကိုယ့်အကြောင်းကိုယ် သိဖို့တော့လိုမည်ဟု ဆိုကြသည်။ တရားစကားဖြင့်မူ မိမိခန္ဓာအကြောင်း မိမိကိုယ်တိုင်သိရန်၊ ဒီထက်ဆိုရလျှင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ခန္ဓာအဓိပ္ပာယ်အောက်တွင် အတူတူပင်ဖြစ်သည်။ ထို့ကြောင့်လည်း ကျေးဇူးရှင်ဘုရားရှင်၏အဘိဓမ္မာကို သင်ကြားနာယူခွင့်ရသူအားလုံးသည်ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို အသေးစိတ်သိရှိရပြီး မိမိ၏ကုသိုလ်ဖြစ်တည်ရာဓမ္မလမ်းကြောင်းကို မယိမ်းမယိုင် မှန်မှန်ကန်ကန် ထိန်းကျောင်းခွင့်ရရှိသွားသည်ဟု ဆိုခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ကိုယ့်အကြောင်းကိုယ်သိပြီး ကိုယ့်ကိုယ်ကိုယ်ပြန်လည်ဆုံးမ တည့်မတ်နိုင်သော တရားတော်ကြီးပင်ဖြစ်ပါသည်။ အသေးစိတ်ညွှန်ကြားပြသပေးသော ဓမ္မတရားကြီးဖြစ်၍ သိခွင့်ရသူများအတွက် ဂုဏ်ယူဖွယ်ရာအတိဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် သိအောင်လုပ်သည်ဆိုသည်မှာ တရားရှာ ကိုယ်မှာတွေ့ဆိုသကဲ့သို့ ကိုယ့်ရုပ်နာမ်တို့ကို သိအောင်လုပ်ခြင်းပင်ဖြစ်သည်။

ရုပ်တို့၊ နာမ်(စိတ်+စေတသိက်)တို့ဆိုသည် ကိုယ့်ခန္ဓာတွင် အမှန်အတိုင်း စက္ကန့်မလပ် ဖြစ်ပျက်နေသော ကိုယ့်အလုပ်ကိုယ်လုပ်နေကြသော သဘာဝ ပရမတ္ထတရားများသာ ဖြစ်သည်။ တကယ့်ခန္ဓာအမှန်ကို ဘာတွေနဲ့ ဖွဲ့စည်းထားပါသလဲ၊ သံသရာမှလွတ်ကြောင်း ဝိပဿနာအထိ ကျင့်ကြမည်ဆိုလျှင် ရုပ်အကြောင်း နာမ်အကြောင်းမသိဘဲ၊ တစ်နည်း စိတ်၊ စေတသိက်၊ ရုပ်တို့အကြောင်းမသိဘဲ သွားမည့်လမ်းက ဖြောင့်တန်းပါ့မလား။ အခြေခံ ပရမတ်နာမ်နှင့်ရုပ်ကို ပိုင်းပိုင်းခြားခြားသိခြင်းသည်ပင် နာမရူပပရိစ္ဆေဒဉာဏ်ပါတဲ့၊ သူ့အကြောင်းတရားနှင့်သူဖြစ်၍ သူ့သဘောသူ ဆောင်နေခြင်းသာဖြစ်သည်ကို သိရသည့်အခါ မိမိတွင်ရှိသည့် အတ္တကင်းသွားနိုင်သည်။ ဤသို့ စဉ်းစားမိသည့်အခါ အဘိဓမ္မာ၏ အရေးပါမှုကို ပို၍သိ၊ ပို၍ကြိုးစားလေ့လာမိသည်။ ထိုအခါ အဘိဓမ္မာ၏ ထူးခြားသည့် အရသာမှာ ပိုမိုပေါ်လွင်လာပြီး ဝိပဿနာအကျင့်အတွက် ပညာလမ်းကို အဆောတလျင် လှမ်းမိလာပါလိမ့်မည်။

### အဘိဓမ္မာ၏အရသာအစစ်

စိတ်ဆိုသည်က အာရုံကိုသိရုံမျှပင်၊ အာရုံကိုလက်ခံသည့် ထိုစိတ်များကို အကောင်း၊ အဆိုး ခြယ်လှယ်နေသည်က စေတသိက်ပါ။ အကုသိုလ်စိတ် ၁၂ ပါး အပါအဝင် လောကီ လောကုတ္တရာစိတ်က အကျဉ်း ၈၉၊ အကျယ်ချဲ့လျှင် အပါး ၁၂၀၊ ခြယ်လှယ်နေသည့် ကုသိုလ်၊ အကုသိုလ်စေတသိက်က ၅၂ မျိုးအထိ အစဦးတွင်ပင် အသေးစိတ် သရုပ်ခွဲလေ့လာခွင့်ရသည်။ စိတ်၊ စေတသိက်တို့ဆိုသည်မှာ ရောပြွမ်းနေခြင်းဖြစ်သည်။

ထိုစိတ်၊ စေတသိက်တို့ကို ရောပြွမ်းဝေဖန်သည့်အခါ ပကိဏ်းဟူ၍ဖြစ်လာသည်။ အာရုံနှင့် ဒွါရတိုက်၍ ဖြစ်လာသည့် ဝီထိစိတ်အစဉ်အတန်းများအကြောင်း၊ ၃၁ ဘုံတွင် အတိတ်၊ ပစ္စုပ္ပန် ပြုခဲ့ပြုမိသည့် ကံများအပေါ်မူတည်၍ ဘဝများပြောင်းနေပုံ၊ သတ္တဝါတို့ ဘယ်လိုမွေးဖွားလာသလဲ၊ ပဋိသန္ဓေစတင်ဖြစ်လာပုံနှင့် ဘယ်လိုသေဆုံးသွားကြသလဲ၊ သေဆုံးခြင်းစုတိစိတ်များအကြောင်း၊ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်ရသော ရုပ် ၂၈ မျိုး၊ အကြောင်းကြောင့်ဖြစ်လာသည့် မိမိရုပ်ခန္ဓာအကြောင်း သိရပြီဆိုလျှင် ဘယ်လိုပြုပြင်နေထိုင်သင့်ပါသလဲ၊ ရုပ်နှင့်ဆက်စပ်၍ နိဗ္ဗာန်အကြောင်း၊ အထက်တွင်ဖော်ပြခဲ့သည့် ပရမတ္ထတရားများကို သဘောတူရာချင်းစုစည်းမိရာမှ အာသဝေါ၊ နီဝရဏ၊ ဥပါဒါန်၊ ဗိုလ်၊ ဣန္ဒြေ၊ သစ္စာလေးပါး တရားများကိုလည်း လေ့လာခွင့်ရပါလိမ့်မည်။

ထို့နောက်တွင်မှ အကြောင်းတရားများ ပေါင်းစုညီညွတ်ခြင်းဖြင့်သာ အကျိုးတရားများ ဖြစ်လာရသည့် ပဋိစ္စသမုပ္ပာဒ်တရား၊ အမျိုးမျိုးသော အကြောင်းအကျိုး တရားတို့၏ ဆက်သွယ်ပုံကို ပစ္စယသတ္တိဖြင့်ပြလျှင် ပဋ္ဌာန်းတရား စသည်တို့ကို လေ့လာခွင့်ရပါမည်။ နောက်ဆုံး၌ အဖန်ဖန်အားထုတ်ရမည့် သမထဝိပဿနာ၊ ဘာဝနာကမ္မဋ္ဌာန်း နှစ်ပါးနှင့်အတူ မေတ္တာဘာဝနာ၊ ဗုဒ္ဓဂုဏ်တော် ပွားများခြင်း ကမ္မဋ္ဌာန်းအပါအဝင် သမထကမ္မဋ္ဌာန်းပေါင်း ၄၀ နှင့် ၁၀ ပါးသော ဝိပဿနာဉာဏ်စဉ်များကို နောက်ဆုံးပိတ် လေ့လာခြင်းဖြင့် ရလိုက်သည့် အဘိဓမ္မာပညာများ။ ထို့ပြင် စကားလုံးများ၊ ဝေါဟာရအဓိပ္ပာယ် ဖွင့်ဆိုချက်များကို အဓိပ္ပာယ်နှင့်တကွ အသေးစိတ်အလွတ်ကျက်မှတ် သိနားလည်လိုက်ရသည့်အခါမှ မသိသေးသည်များ အများကြီး၊ ကံကောင်းခြင်းမက ကံကောင်းလှသည်ဆိုသည့် အတွေးနှင့်အတူ.. အရသာအားလုံးအနက်မှ တရား၏အရသာသည် အလွန်ကောင်းလှပြီး နှစ်သက်ဝမ်းသာမှု ပီတိနှင့် ကိုယ်ရောစိတ်ပါ ချမ်းသာမှု သုခတို့ကို အမှန်တကယ်ရရှိလာမည်ဟု ယုံကြည်ပါသည်။

### ကုသိုလ် အကုသိုလ်ကို ကွဲကွဲပြားပြား ခွဲခြားသိရုံဖြင့်

ထို့ကြောင့်လည်း အဘိဓမ္မာကို သင်ကြားနာယူလေ့လာရန် အခွင့်အလမ်းသင့်သူတိုင်းကို အခွင့်အရေးရတိုင်း လေ့လာသင်ယူရန် တိုက်တွန်းမိသည်။ တစ်ဦးချင်း ငြိမ်းချမ်းမှုမှသည် ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာမှုဆီ ရှေးရှုရာတွင် ကိုယ်စီကိုယ်စီ ကိုယ့်အကြောင်း၊ သူ့အကြောင်း၊ ပတ်ဝန်းကျင်အကြောင်း အမှန်သိ သိနေခြင်းက လမ်းမှန်ကို ရှေးရှုမိရန် လမ်းစဖြစ်ပါလိမ့်မည်။ အကြောင်းက မိမိသည် ကုသိုလ်စိတ်နှင့် နေနေသည်လား၊ အကုသိုလ်စိတ်နှင့် နေနေသည်လား၊ ကုသိုလ်ဖြစ်နေလား၊ အကုသိုလ်ဖြစ်နေလား အဘိဓမ္မာအသိက မျက်စိဖွင့်ပေးသွားခြင်းကြောင့်ဖြစ်သည်။

အလွန်ကို တန်ဖိုးရှိသွားပါသည်။ ယခင်က ကုသိုလ်ဖြစ်သည်အထင်နှင့် အကုသိုလ်ဖြစ်နေသည်ကို သတိမထားမိ၊ သတိမထားမိ၍ အပါယ်သွားရရန် များသွားသည်။ ကုသိုလ်ဖြစ်နေမှန်းမသိ၊ အကုသိုလ်ဖြစ်နေမှန်းမသိ၊ ကုသိုလ်စိတ်ကဘာလဲ၊ အကုသိုလ်စိတ်ကဘာလဲ မသိတော့ ကုသိုလ်အထင်နှင့်

စာမျက်နှာ ၁၁ သို့ ◆

ကျေးဇူးရှင်မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရရှိပြီး ၄၅ ဝါပတ်လုံး ဟောကြားခဲ့သည့် "ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မ" အစစ်အမှန် အဆုံးအမများအနေဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိခဲ့ပြီး ထိုတရားအားလုံးကို သုံးပုံပုံ၍ "ပိဋက" ဟူသော ခြင်းတောင်း၌ သိုမှီးသိမ်းဆည်းထားရာ၌ အဘိဓမ္မာတရားများက ဓမ္မက္ခန္ဓာအားဖြင့် ၄၂၀၀၀ အထိ သိမ်းဆည်းနေရာယူထားသည့်အတွက် အရေအတွက်အားဖြင့် သာလွန်နေပြန်သည်။ ထို့ကြောင့်လည်း "အဘိ" သာလွန်ထူးခြားမှုအပြင် "ဓမ္မ" ကုသိုလ်ထူးသည့် ကျေးဇူးတရားအဖြစ် လူနတ် ရဟန်းသံဃာအပေါင်းတို့က ပူဇော်အထူးပြုကြခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် လူပုဂ္ဂိုလ်ပေါင်းများစွာတို့သည် ထိုအဘိဓမ္မာတရားကို နာကြားသင်ယူ လေ့လာပူဇော်နိုင်ကြပြီဖြစ်ရာ လူ့ပြည်၊ နတ်ပြည် နှစ်ဌာနလုံးတွင် ဟောကြားနာယူနိုင်သည့် တရားတော်ကြီးအဖြစ် ဂုဏ်ယူစရာကောင်းလှ

YOUNG MEN'S BUDDHIST ASSOCIATION
Shwedagon Pagoda Campus, Dagon Township, Yangon
Tel : 01 838 1906, 09 686685848, Fax : 01 838 1906, Web : ymba.org.mm, email : info@ymba.org.mm

## သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအပေါင်းသည် ငြိမ်းချမ်းစွာ နေထိုင်လိုကြသူများဖြစ်ကြသည်။

ယခုအခါ နိုင်ငံတော်၏ အေးချမ်းသာယာရေးကို မလိုလားကြသော လက်နက်ကိုင်သောင်းကျန်းသူ အဖျက်သမားများက ၂၇-၁၀-၂၀၂၃ သောကြာနေ့ နံနက်မှစ၍ မြို့ပြအိုးအိမ်များအား ဖျက်ဆီးခြင်း၊ ပြည်သူပိုင်တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ပြည်သူပိုင်လမ်းများအား ပျက်စီးစေပြီး သွားလာရေးခက်ခဲအောင်ပြုလုပ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ခေါ်ဆောင်သွားခြင်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာသတ်ဖြတ်ခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

ထိုသို့ နိုင်ငံတော်နှင့်နိုင်ငံသားတို့ အကျိုးယုတ်စေသည့် အဖျက်လုပ်ရပ်များ လုပ်ဆောင်ခြင်းအပေါ် မိမိတို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၆၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး



**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အုပ်စု(C) မှ ကျောက်စိမ်းအသားကျောက်အတွဲ ၇၉၂ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၇၇၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

**ကျောက်စိမ်း ၃၇၀၄ တွဲ ရောင်းချ**

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၃၀၀ တွင် ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၁၆၀ အနက်မှ ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် အုပ်စု(A) မှ ကျောက်စိမ်းအတွဲပေါင်း ၅၂၀၊ အုပ်စု (B) မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၃၃ တွဲနှင့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၉၂ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၇၀၄ တွဲ ရောင်းချနိုင်ခဲ့သည်။

ယခုကျင်းပသည့် ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ စာမျက်နှာ ၁၀ မှ

အကုသိုလ်များ လုပ်မှန်းမသိ လုပ်မိသွားတတ်ကြသည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်တွင် ကုသိုလ်ထက် အကုသိုလ် အတွေး၊ အပြော၊ အလုပ်များကသာ ပိုများနေသည်ကို အဘိဓမ္မာအသိနှင့်သတိထားဆင်ခြင်မိမှသာ အသိနှင့်အကျင့်ကို ဆက်စပ်မိသည့် သဘောဖြစ်သွားသည်။

ထို့ကြောင့်လည်း ပတ်ဝန်းကျင်တွင် မငြိမ်းချမ်း၊ မအေးချမ်း၊ မသာယာခြင်းများသာ တွေ့နေ၊ မြင်နေရခြင်းဖြစ်သည်။ ကုသိုလ်နှင့် အကုသိုလ်ကို ကွဲကွဲပြားပြား သိ၊ အကုသိုလ်ကို အကုသိုလ်မှန်း ချက်ချင်းသိခြင်းဖြင့် အကုသိုလ်ကိုရှောင်၊ ကုသိုလ်ဆောင်ပြီး စိတ်ထားများ ဖြူစင်သွားကြလျှင် လူ့အဖွဲ့အစည်းသည် မကောင်းသောအနိဋ္ဌာရုံများမှ ကင်းဝေးလိမ့်မည်ဟု ယုံကြည်ပါသည်။ ထိုသို့သော ယုံကြည်မှုမျိုး အားလုံးတွင်သာ ရှိလိုက်လျှင်ဆိုသော အိပ်မက်ကို တန်ဖိုးကြီး အဘိဓမ္မာပညာနှင့် အကျင့်မြတ်ကသာ ပေးစွမ်းနိုင်မည်ဟု ခံယူမိပါသည်။



အဘိဓမ္မာအသိဖြင့် လက်တွေ့နယ်ပယ်တွင် ကိုယ်လုပ်တာ၊ ကိုယ်ပြောတာ၊ အထူးသဖြင့် ကိုယ်တွေးတာများသည် ကုသိုလ်ဖြစ်ရဲ့လား၊ အကုသိုလ်ကော ကင်းပသလား သတိမထားလျှင် အပါယ်လားနိုင်သည့်အတွက် အမြဲတမ်း "သတိ" အလိုလို ထားတတ်လာပါမည်။ လက်တွေ့အသုံးချလျက်ဖြင့် ရလာသော "သတိ" အပေါ် "ပညာ"ကိုပါ ထပ်ကာထပ်ကာ ဆင့်လိုက်သည့်အခါ ဘဝတွင် နေတတ်ထိုင်တတ်လာပါမည်။ နောက်ဆုံး မမြဲသော သေခြင်းတရားကိုလည်း ရင်ဆိုင်ရဲပြီး သေတတ်လာမည်ဖြစ်ကာ ကောင်းမှု၊ မကောင်းမှု လားရာသည်လည်း ကွဲကွဲပြားပြားဖြစ်သွားခဲ့ပါပြီ။

တရားအသိကို သိအောင်သင်ရန်နှင့် နာယူရန်သည်သာ အဓိကဖြစ်ပြီး သိမှလည်း ကျင့်နိုင်မည်ဖြစ်သကဲ့သို့ အကျင့်အထိသွားမှလည်း လိုချင်တာရပါမည်။ ဤသည်ပင် ဗုဒ္ဓ၏အမွေကို လက်ဆင့်ကမ်း သယ်ဆောင်ခြင်းလည်းမည်ပါသည်။ ယခုကဲ့သို့ အကျပ်အတည်းကာလကား သာသနာအတွက် အရေးအကြီးဆုံး အချိန်ပါ။ သာသနာမကွယ်ရန်၊ သာသနာတော် အစွန့်ရှည် တည်တံ့ပြန့်ပွားရန်နှင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်သည် ယနေ့ ဗုဒ္ဓဘာသာဝင်အားလုံး၏ တာဝန်ဖြစ်သည်ဟု ခံယူသည့် အားလျော်စွာ သာသနာနှင့်ဆုံခိုက် သံသရာ ဆွေမျိုးပမာ ကျေးဇူးဆပ်ခြင်းတစ်မျိုးလည်းဖြစ်ပါသည်။

အဓိကအချက်က အသိ+ ပညာ+ အကျင့်ဖြင့် အားလုံးသောအရှုပ်အထွေးများစွာကို လျော့ပါးသက်သာစေရန် ဖြစ်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းစင်စေလိုသော၊ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေလိုသော ဆန္ဒအမှန်သာ ဖြစ်ပါသည်။ ကိုယ့်ပတ်ဝန်းကျင်တွင် သံဝေဂယူစရာများ များလွန်းလှ၍ ရနေသေးသည့်အချိန်လေး၌ ကောင်းမှုများ လုပ်နိုင်ရန် အခွင့်အလမ်းမရှိသေးလျှင်သော်မှ ယခုမျက်မှောက် နာယူပူဇော်ခြင်းဖြင့်ပင် ယခုဘဝတွင်မက နောင်ဘဝသံသရာ အဆက်ဆက်ပါကောင်းသော အကျိုးကို ဧကန်ရနိုင်ရန် ဖြစ်ပါသည်။

ဝါတွင်းကုန်၍ သတင်းကျွတ်အခါသမယရောက်တိုင်း ကျေးဇူးဆပ် အဘိဓမ္မာဖြင့် အပြန်အလှန်ကျေးဇူးဆပ်ကြခြင်းဖြင့် ကျွန်ုပ်တို့အားလုံးသည် လောက၌ ဖြစ်ပျက်လျက်ရှိသည့်အရာအားလုံးကို သဘာဝအတိုင်း၊ အမှန်အတိုင်း သိပြီး တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်၊ သည်းခံ၊ စာနာ၊ နားလည်မှုများဖြင့် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ဥပေက္ခာ ရှေ့ထားကောင်းမြတ်သော ဗြဟ္မာစိုရ်တရားများ ထူထောင်နိုင်ကြပါစေကြောင်း ပူဇော်အထူးကုသိုလ်ပြုလိုက်ရပါသည်။ ။

# အရေးပြိုင်ပွဲဝင်ဖို့ဆိုရင် စာပေသက်သက်မဟုတ်ဘဲ စာပေနဲ့ ဂီတ ပေါင်းစပ်ပြီး ဖန်တီးတဲ့ အနုပညာရပ်ဆိုတော့ စာလည်းလေ့လာဖို့လိုတယ်။ ကျောင်းစာအပြင် ကဗျာ၊ လင်္ကာတွေလေ့လာမှ ဒီလိုဖွဲ့နွဲ့တဲ့နေရာမှာ အင်အားကောင်းကောင်းနဲ့ ဖန်တီးနိုင်မယ်

**အလင်္ကာကျော်စွာ ဦးမောင်မောင်လတ်**

**တွေ့ဆုံမေးမြန်း အလင်းသစ်၊ နေမျိုး**
**ဓာတ်ပုံ – ကိုကိုနေ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးတိုင်းတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်း အမွေအနှစ်များရှိကြသည်။ မြန်မာတိုင်းရင်းသားတို့တွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြစ်သော စာပေ၊ ဂီတ၊ ရိုးရာထုံးတမ်းဓလေ့များ၊ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ နှစ်ပေါင်းထောင်ချီရှိခဲ့သည့် သမိုင်းအထောက်အထားများ ရှိခဲ့ပေသည်။


ဦးမောင်မောင်လတ်


မောင်ညီမင်းအောင်


မငွေးငွေးအေး


နော်အယ်လာဂျာဆိုင်းထွယ်


မောင်ကောင်းဆက်သူ

ရာစုခေတ် သမိုင်းအဆက်ဆက် ဖြတ်သန်းခဲ့သော ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့အတတ်ပညာများ အနက် ပျောက်ကွယ်သွားသည်များရှိသကဲ့သို့ ယနေ့ထိတိုင် တည်တံ့နေသည်များလည်းရှိသည်။ မြန်မာ့ရှေးဟောင်းမြို့များမှ တွေ့ခဲ့ရသည့် အထောက်အထားများ၊ စာပေနှင့် အိမ်နီးချင်းခေတ်ပြိုင်နိုင်ငံများ၏ စာပေအထောက်အထားများအရ မြန်မာတို့သည် အဆင့်အတန်း မြင့်မားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် အနုသုခုမပညာရပ်များပိုင်ဆိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုသို့မြင့်မားသည့် ယဉ်ကျေးမှု အနုပညာဂုဏ်ဒြပ်ကို မရွေ့မလျော့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက် မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းအမွေပေးနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲတွင် တက်ကြွစွာပါဝင်ခဲ့ကြသော အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**အလင်္ကာကျော်စွာ**
**ဦးမောင်မောင်လတ်**
**ပညာရှင်**
**ဥက္ကဋ္ဌ(အရေးပြိုင်ပွဲ)**

အရေးပြိုင်ပွဲဝင်တွေဟာ ဒီပြိုင်ပွဲမှာ တက်တက်ကြွကြွနဲ့ ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ ကလေးတွေဆိုတော့ ကျောင်းစာကို အာရုံစိုက်ရ၊ ဒီပြိုင်ပွဲကနေ အပြင်ဗဟုသုတအနေနဲ့ ဂီတနဲ့ ပတ်သက်လို့ လေ့လာရတာဆိုတော့ အားနည်းချက်လေးတွေတော့ ရှိပါတယ်။ နှစ်စဉ် ဒီအချိန်ဆိုရင် ပြိုင်ပွဲဝင်ဖို့ လုံ့လနဲ့ ကြိုးပမ်းကြတာ တွေ့ရပါတယ်။ တစ်နှစ်ထက်တစ်နှစ်လည်း တိုးတက်လာပါတယ်။ အရေးပြိုင်ပွဲဝင်ဖို့ ဆိုရင် စာပေသက်သက် မဟုတ်ဘဲ စာပေနဲ့ ဂီတ ပေါင်းစပ်ပြီးဖန်တီးတဲ့အနုပညာရပ်ဆိုတော့ စာလည်း လေ့လာဖို့လိုတယ်။ ကျောင်းစာအပြင် ကဗျာ၊ လင်္ကာတွေလေ့လာ မှ ဒီလိုဖွဲ့နွဲ့တဲ့နေရာမှာ အင်အားကောင်းကောင်းနဲ့ ဖန်တီးနိုင်မယ်။ တေးသီချင်းကိုလည်း သဘောပေါက်နားလည်မှ စည်းဝါးကျကျနဲ့ ယှဉ်ပြိုင်ရတာဖြစ်တယ်။ စာသားအပေါ်မှာ တည်မှီပြီး တေးသွားကလည်း ပံ့ပိုးနိုင်ရမယ်၊ ခိုင်မာရမယ်ဖြစ်တယ်။ ဇာတိမာန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ယှဉ်ပြိုင်ရတာဆိုတော့ ရိုးရိုးတေးသွားနုနုနဲ့တော့မရဘူး။ တေးသွားကလည်း ခံ့ညားရမယ်။ စာသားနဲ့လိုက်ဖက်အောင် တေးသွားက ပံ့ပိုးနိုင်မှ သီချင်းက ပီပြင်မှာဖြစ်ပါတယ်။

အရေးပြိုင်ပွဲမှာ ထားပေးတာကတော့ စန္ဒရားနဲ့ ဆိုင်းဝိုင်းပါ။ ပြိုင်ပွဲဝင်တွေအနေနဲ့ ကိုယ်ပိုင်တူရိယာနဲ့ တင်ဆက်မယ်ဆိုလည်း ရပါတယ်။ ပြင်ပမှာရှိတဲ့ ကြိုးတပ်တူရိယာဆိုရင် ဂီတာရှိမယ်၊ မယ်ဒလင်တို့၊ စောင်းတို့နဲ့ ပံ့ပိုးတဲ့အခါကျတော့ ဒီလိုဆိုင်းဝိုင်းနဲ့လို ခိုင်ခိုင်မာမာ ပံ့ပိုးမပေးနိုင်ဘူး။ သီချင်းဆိုတယ် ဆိုကတည်းက တီးတဲ့တူရိယာက ပံ့ပိုးကောင်းမှ သီချင်းက ပိုပြီးအောင်မြင်တာဖြစ်ပါတယ်။ ဇာတိမာန်သီချင်းကို စောင်းနဲ့ ပံ့ပိုးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် ဒီမှာ စန္ဒရားနဲ့ ဆိုင်းဝိုင်းကို အဆင်သင့်ထားပေးထားပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေ ထွန်းကားလာဖို့အတွက်ဆိုတာကတော့ နိုင်ငံတော်က ပြုစုပျိုးထောင်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ပံ့ပိုးပေးရုံသက်သက်ပါပဲ။

**မောင်ညီမင်းအောင်**
**အခြေခံအဆင့်**
**ပတ္တလားအတီးပြိုင်ပွဲဝင်**
**မွန်ပြည်နယ်**

ပတ္တလားတီးလာတာ နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ ဒီအနုပညာနဲ့ ပတ်သက်ပြီး မျိုးရိုးအစဉ်အဆက်တော့ မရှိပါဘူး။ မွန်ပြည်နယ်မှာ အိမ်ထောင်လာကျတဲ့ ပတ္တလားပညာရှင်က သင်ပေးတာပါ။ ပြီးခဲ့တဲ့နှစ်ကတော့ ဆိုင်းတစ်မျိုးတည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာတော့ ဆိုင်းရော၊ ပတ္တလားရော ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ အနောက်တိုင်းယဉ်ကျေးမှု အနုပညာထက် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်တွေကို တန်ဖိုးထားကြစေချင်တယ်။ အခုလိုပြိုင်ပွဲကြီးတွေကျင်းပပေးတာ ကောင်းပါတယ်။ ပြိုင်ပွဲကျင်းပပေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မငွေးငွေးအေး**
**ဝါသနာရှင်ပထမတန်း**
**ဆိုင်းအတီးပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီး**

ကျွန်မက ဆိုင်းအတီးပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ပြိုင်ပွဲကိုတော့ ၁၁ နှစ်ဝန်းကျင်လောက်ကတည်းက ယှဉ်ပြိုင်ဖြစ်တာပါ။ လက်ရှိ ကျွန်မရဲ့ဆရာကတော့ စိန်ဗိုလ်တင်း ဖြစ်ပါတယ်။ အခု အမျိုးသမီး တစ်ဦးချင်း ဝါသနာရှင်အဆင့် ပထမတန်း ဆိုင်းအတီးပြိုင်ပွဲမှာဆိုရင် ပြိုင်ပွဲဝင်တဲ့သူနည်းတယ်။ အခုဝါသနာရှင်အဆင့် ပထမတန်းပြိုင်ပွဲမှာ မန္တလေး၊ ပဲခူး၊ ရန်ကုန်တို့က ပြိုင်ပွဲဝင်တွေ ပါဝင်ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်။ အခုလို ပြိုင်ပွဲတွေ လုပ်ပေးခြင်းအားဖြင့် သီချင်းခံတွေ၊ သီချင်းကြီးတွေ မမေ့တော့ဘူးပေါ့။ အပြင်မှာဆိုရင်တော့ သီချင်းကြီးတွေ သိပ်စိတ်မဝင်စားကြတော့ဘူး။ အခုလို ပြိုင်ပွဲတွေ ကျင်းပပေးတာ ဝမ်းသာပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပပေးစေလိုပါတယ်။

**နော်အယ်လာဂျာဆိုင်းထွယ်**
**စန္ဒရားအတီးပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်**

မြန်မာသံစဉ်နဲ့ ပတ်သက်ပြီး လက်ဦးဆရာကတော့ ဆရာမဝေဝေအောင် ဖြစ်ပါတယ်။ အခု ကျင်းပနေတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ နှစ်လလောက် ကြိုတင်ပြင်ဆင်ရပါတယ်။ ပထမယှဉ်ပြိုင်တဲ့နေ့ကတော့ စန်းနွေဦးသီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနေ့အတွက်တော့ ပြိုင်ပွဲဝင်သီချင်း သုံးပုဒ်ပေးထားပါတယ်။ သုံးပုဒ်လုံးလည်း အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်ထားပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ပညာတွေလည်းရတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းရာလည်း ရောက်တယ်။ အတွေ့အကြုံတွေလည်းရတယ်။ ပြိုင်ပွဲကျင်းပတဲ့အတွက် ပြိုင်ပွဲဝင်တွေအနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့လည်း တွေ့ရတယ်။ ဗဟုသုတတွေလည်းရတယ်။ တစ်ဦးနဲ့တစ်ဦး ယဉ်ကျေးမှုတွေ ဖလှယ်ရာလည်းရောက်တယ်လို့မြင်ပါတယ်။

**မောင်ကောင်းဆက်သူ**
**အခြေခံပညာအဆင့်**
**အရေးပြိုင်ပွဲဝင်**
**စစ်ကိုင်းတိုင်းဒေသကြီး**

သီချင်းတစ်ပုဒ် ရေးမယ်ဆိုရင် လိုအပ်တာကတော့ စာများများဖတ်ဖို့ လိုပါတယ်။ စာတွေများများဖတ်မှ သီချင်းကောင်းတွေရေးနိုင်မှာ ဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်ဖြစ်လာဖို့အတွက် စာသားတွေက ကျစ်လျစ်ရမယ်။ အားရှိရမယ်။ ကျွန်တော်ကတော့ စာအားလုံးနီးပါးကို ဖတ်ပါတယ်။ သီချင်းရေးတာအပြင် စောင်းအတီးပညာနဲ့ ပတ္တလား အတီးပညာကို တတ်ထားပါတယ်။ အရေးပြိုင်ပွဲဝင်ဖို့အတွက်တော့ သီချင်းအကြမ်းလေးတွေရေးပြီး ပထမဆုံး လေ့ကျင့်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ကျတဲ့ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျဖြစ်ဖို့ အကောင်းဆုံးကြိုးစားလေ့ကျင့်ထားပါတယ်။ နောက်ပိုင်းကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ လူငယ်တွေပိုပြီး ပါဝင်ယှဉ်ပြိုင်လာတာကိုလည်း အတော်လေး ဂုဏ်ယူအားကျမိပါတယ်။

ယဉ်ကျေးမှုသည် နိုင်ငံအတွက် အလွန် အရေးကြီးလှသည်။ ယဉ်ကျေးမှုကို အကြောင်းပြု၍ အမျိုးသားရေးအသိ၊ သတိများလည်း ရှိကြရပေမည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တစ်ဟုန်ထိုးတိုးတက်နေသော ယနေ့ခေတ်တွင် ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်မတူ ယဉ်ကျေးမှုများ၊ ပုံစံမျိုးစုံသော ဖျော်ဖြေရေးပုံစံများနှင့် မိမိတို့ယဉ်ကျေးမှုကို သေးသိမ်စေရန် ဝါဒဖြန့်မှိုင်းတိုက်မှုများ ဘက်ပေါင်းစုံမှ တိုက်ခိုက်လျက်ရှိသည်။ ထိုသို့သော အခြေအနေများကို တွန်းလှန်ဆန့်ကျင်လျက် မိမိတို့၏ အမျိုးဂုဏ်နှင့်လျော်ညီစွာ သမိုင်းခေတ်အဆက်ဆက် တည်ရှိခဲ့သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းမည့် မျိုးဆက်သစ်များကို (၂၄)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ မွေးဖွားပေးလျက် ရှိသည်ကို တွေ့မြင်ရပါကြောင်း။ ။

## မြန်အောင်မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**မြန်အောင် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက မြို့မနေခြည်ဈေးရှေ့တွင် ကျင်းပသည်။

**လက်တွေ့သရုပ်ပြ**

မြန်အောင်မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်း၊ Gas မီးငြှိမ်းသတ်ခြင်း၊ အသီးအရွက်ဆီမီးလောင်မှု ငြှိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု ငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ ဒေသပိုင်မီးသတ်ယာဉ်နှစ်စီး၊ အမှတ်(၂)ရပ်ကွက် မီးသတ်ယာဉ် တစ်စီး၊ ပါရမီလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ မေတ္တာရှင်လူမှုကူညီရေးအသင်း လူနာတင်ယာဉ် တစ်စီးတို့ဖြင့် ဈေးမီးငြှိမ်းသတ်ခြင်း သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

မြန်အောင်မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းမင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျင်စိုးတို့က ကြည့်ရှုအားပေးခဲ့ကြပြီး မြန်အောင်မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသပိုင်မီးသတ်အဖွဲ့ဝင်များ၊ ပါရမီလူမှုကူညီရေးအဖွဲ့ဝင်များနှင့် ဈေးသူ/ဈေးသားများပါဝင်၍ မီးငြှိမ်းသတ်ခြင်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

❐

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာလတွင် တွေ့ဆုံမည်

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဆန်ဖရန်စစ္စကိုမြို့၌ နိုဝင်ဘာလတွင် တွေ့ဆုံရန် အမေရိကန်နှင့် တရုတ်အစိုးရတို့ သဘောတူညီခဲ့ကြောင်း အမေရိကန်အကြီးတန်းအရာရှိတစ်ဦးက ယမန်နေ့က ထုတ်ဖော်ပြောကြားသည်။

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အစည်းအဝေးကို ဆန်ဖရန်စစ္စကိုမြို့၌ နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အောက်တိုဘာ ၂၇ ရက်က အိမ်ဖြူတော်တွင် သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံခဲ့သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်နှင့်လည်း သုံးနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

အလားတူ ဝမ်ယိသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်နှင့် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ခြောက်နာရီကြာ တွေ့ဆုံခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲများအပြီးတွင် အမေရိကန်အစိုးရသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို တန်ဖိုးထားကြောင်း၊ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံကာ မဟာဗျူဟာမြောက်ဆွေးနွေးမှုပြုလုပ်ရန် အရေးကြီးကြောင်း ဂျိုးဘိုင်ဒင်က သတင်းထောက်များကို ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၌ နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ရုရှားနိုင်ငံ အာကာသစခန်း၏ ပထမဆုံး အစိတ်အပိုင်းကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်မည်

ဗလာဒီဗော့စတော့ အောက်တိုဘာ ၂၈

ရုရှားနိုင်ငံ အာကာသစခန်း၏ ပထမဆုံး အစိတ်အပိုင်းကို ၂၀၂၇ ခုနှစ်တွင် အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံသည် ပြီးပြည့်စုံသော အာကာသစခန်း တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း ပူတင်က ထပ်လောင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ အာကာသဆိုင်ရာလုပ်ငန်းများတွင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းသွားမည်ဖြစ်ပြီး လူလိုက်ပါသည့် အာကာသယာဉ်များသည် နိုင်ငံ၏ အာကာသလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တို သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်



ဂျကာတာ အောက်တိုဘာ ၂၈

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုနှင့် ၎င်း၏ မဟာမိတ်ကိုယ်စားလှယ် ဂျီဘရန်း ရာကာဗူမီရာကာတို့သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် ကျင်းပရန် စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် သမ္မတလောင်းများအဖြစ် မှတ်ပုံတင်ခဲ့ကြကြောင်း သိရသည်။

ပရာဘိုဝိုသည် တတိယအကြိမ်မြောက်အဖြစ် သမ္မတရာထူးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်းသည်လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုကို ၂၀၁၄ နှင့် ၂၀၁၉ ခုနှစ်ရွေးကောက်ပွဲများတွင် ပွတ်ကာသီကာ ရှုံးနိမ့်ခဲ့သည်။ ရာကာဗူမီရာကာသည် ဂျိုကိုဝီ၏အကြီးဆုံးသားဖြစ်သည်။

“မိမိတို့၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံကို ဖွံ့ဖြိုးပြီး သာယာဝပြောကာ ကြွယ်ဝသောနိုင်ငံဖြစ်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း”ပရာဘိုဝိုက ပြောကြားသည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ သန်း ၂၀၀ ရှိသည်။ ဆူဘီယန်နှင့် ဂျီဘရန်းရာကာဗူမီရာကာတို့က ဂျိုကိုဝီ၏ စီးပွားရေးနှင့် လူမှုဖူလုံရေးမူဝါဒများစွာကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

အခြား သမ္မတလောင်းများမှာ ဗဟိုဂျာဗားဒေသအုပ်ချုပ်ရေးမှူးဟောင်း ဂန်ဂျာပယာနိုဝိုနှင့် ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း အန်နီဘတ်စ်ဝီဒန်တို့ဖြစ်သည်။ ၎င်းတို့သည် နိုဝင်ဘာလနှောင်းပိုင်းတွင် မဲဆွယ်စည်းရုံးပွဲများကို စတင်မည်ဖြစ်သည်။ ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီနှင့် ရောစပ်ထားသော ဇီဝလောင်စာသုံး လေယာဉ်ကို အောင်မြင်စွာ စမ်းသပ်ပျံသန်း

ဂျကာတာ အောက်တိုဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံ၏ Garuda Indonesia လေကြောင်းလိုင်းသည် စားအုန်းဆီနှင့် ရောစပ်ထားသော ဇီဝလောင်စာသုံး လေယာဉ်ကို အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်း Garuda Indonesia လေကြောင်းလိုင်းကုမ္ပဏီ၏ ဥက္ကဋ္ဌ ဒါရိုက်တာ အီဖန်ဆက်ရှာပူထရာက ပြောကြားသည်။




အဆိုပါ ဘိုးရင်း 737-800NG လေယာဉ်သည် ကီလိုမီတာ ၅၅၀ ခန့်အကွာရှိ ဘန်တန်ပြည်နယ်ရှိ ဆိုကာနို-ဟတ်တာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျာဗားအလယ်ပိုင်းရှိ အဒီဆိုမာမို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသည် ၁၀၀ ကျော် သယ်ဆောင်ပြီး ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

“ဒါဟာ ပထမဆုံးအကြိမ်ပါ။ စားအုန်းဆီနဲ့ ရောစပ်ထားတဲ့ ဇီဝလောင်စာကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပါတယ်။ ဒီဇီဝလောင်စာကို သုံးပြီးတော့ ခရီးသည်တင်လေယာဉ် မောင်းနှင်မှုကို စမ်းသပ်ခြင်းပဲ ဖြစ်ပါတယ်”ဟု Garuda Indonesia ဥက္ကဋ္ဌ ဒါရိုက်တာ အီဖန်ဆက်ရှာပူထရာက ဆိုကာနို-ဟတ်တာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြောကြားခဲ့သည်။

အစားထိုး ဇီဝလောင်စာသုံး လေယာဉ်ဆီကို အင်ဒိုနီးရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ PT Pertamina က ထုတ်လုပ်သည်။ အင်ဒိုနီးရှားသည် ၎င်း၏လေယာဉ်ပေါ်တွင်အလားတူအခြား ဇီဝလောင်စာဆီတစ်မျိုးဖြင့် ပထမဆုံးစမ်းသပ်ပျံသန်းမှုကို ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အတွက် လောင်စာဆီတင်သွင်းမှု လျှော့ချရန် ဇီဝလောင်စာဆီသုံးစွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားအစိုးရက ၂၀၂၄ ခုနှစ် နိုင်ငံအသုံးစရိတ်ဘတ်ဂျက် လျာထားသတ်မှတ်

ဖနောင်ပင် အောက်တိုဘာ ၂၈

ကမ္ဘောဒီးယားအစိုးရသည် ၂၀၂၄ ခုနှစ်၏ နိုင်ငံအသုံးစရိတ်ဘတ်ဂျက်အဖြစ် ရီယယ်ငွေ ၃၈၈၂၉ ဘီလီယံကို အကြမ်းဖျင်း လျာထားသတ်မှတ်ခဲ့ကြောင်း သိရသည်။

၎င်းလျာထားဘတ်ဂျက် တင်သွင်းခြင်းကို ဝန်ကြီးချုပ် ဟွန်မာနက် ဦးဆောင်ကျင်းပသည့် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် အောက်တိုဘာ ၂၇ ရက်က ဆောင်ရွက်ခြင်းဖြစ်သည်။

၎င်းဘတ်ဂျက်ငွေကို နိုင်ငံ၏ အရေးကြီးသည့် ကဏ္ဍများဖြစ်သည့် သက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများပေးခြင်းနှင့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဘတ်ဂျက်ငွေကို နိုင်ငံ၏ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းရာတွင် သုံးစွဲမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ပြောကြားသည်။

လာမည့်နှစ်အတွက် ဘတ်ဂျက်ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပြီး ဘုရင်နိုရိုဒွန် ဆီဟာမိုနီထံ တင်သွင်းခြင်းမပြုမီ အထက်လွှတ်တော်က ပြန်လည်သုံးသပ်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ စစ်စခန်းများကို အမေရိကန်လေကြောင်းမှ တိုက်ခိုက်

ဒမတ်စကက် အောက်တိုဘာ ၂၈

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံရှိ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ စစ်စခန်းနှစ်ခုကို လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ပြီးခဲ့သည့်သီတင်းပတ်အတွင်း တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ပြီးနောက် တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

၎င်းတိုက်ခိုက်မှုသည် ယခုဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကို အရှိန်မြှင့်စေရေး ဆောင်ရွက်ခြင်းမဟုတ်ဘဲ အီရတ် နှင့် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန်က မှတ်ချက်ပြုပြောကြားသည်။

ကိုးကား - စပွတ်နစ်

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၅)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းနှင့် ဖားရွှေကျော်လမ်းထောင့်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)နှင့် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး သီရိရတနာဈေးအနီး၌ Toyota Mark II ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၆ရက်တွင်နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နေပြည်တော် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကျောက်မျက်မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Caldina ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများဖြစ်သည့် Timmus 1 ကျောက်ကပ်ဆေးဘူး ၁၂၈၀ နှင့် Lodipam 5 သွေးထိန်းဆေး ၁၀၅၄၅ ဘူး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၈၁၁၇၅)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ ဗျောတောဝရပ်ကွက် ထောင်လမ်းဆုံအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Grand Royal Whisky (Black) ၁၀၈ ပုလင်း၊ Grand Royal Whisky (Smooth) ပုလင်း ၃၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့ အောင်စီကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၆ ဒသမ ၀၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၃၂၆၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့ အိမ်ရှေ့ပြင်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ထားဝယ်မြို့သို့မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် ပဲဆီ ဖာ ၅၀၊ Rod Snack ၂၀၊ M–150 အချိုရည် ဖာ ၇၀ အပါအဝင်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၄၁၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၇၆၁၂၆၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် အောက်တိုဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ် ဇင်ပိုင်ညာ ရဲကင်းစခန်းနှင့် ကျီးကန်းပြင်အကြား၌ လောင်းလှေလေးစင်းဖြင့် သယ်ဆောင်လာသည့် အကောက်ခွန်မဲ့ ကွမ်းသီး ပိဿာ ၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သံတွဲခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၅၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၈၅၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၀၈၅၂)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၅၉၇ တန်၊ သစ်မာ ၂ ဒသမ ၆၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၁၇၅၂) ကိုလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၇၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၇၆၂) ကိုလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၆၅ ဒသမ ၅၃၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၉၆၂၆၈) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၇၀၇၈၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၈၉၄၀၆၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၈

လယ်ဝေးမြို့နယ်၊ မော်လမြိုင်မြို့နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



အိုက်ဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီးတွင် စိုးရန်နိုင်(ခ)သဲသဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် သဇင်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ စိုးဝင်း(ခ) ရွှေငါးအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀ ကို လည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်ကွက်သစ်အနီးတွင် အိုက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၀-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၀၆:၃၀ ဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပ္ပတ္တိမှတ်တမ်း(စတုတ္ထပိုင်း)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ 'အဘိဓမ္မာဒေသနာ' တရားတော်
၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ ဆီမီးပူဇော်သီတင်းကျွတ်မီးထွန်းပွဲတော်
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ 'အောက်ချင်းငှက်တေးသံသာ' တေးဂီတပျော်ပွဲ ထုတ်လွှင့်မှု(ပွဲစဉ်–၂)
၁၁:၃၅ အသိပညာနှင့်အမှန်တရား
၁၂:၃၀ 'မင်းသမီးလေးသုမနာအကြောင်း' တရားတော်
၁၃:၃၀ MRTV National News
၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ရဟန်းစားရသောဆွမ်းတစ်နပ်'
၁၅:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဆီမီးရောင်ပြာရွှေလသာ'
၁၆:၃၅ သီတဂူဆရာတော်ဘုရားကြီး၏ 'အဘိဓမ္မာအဒါတော်နေ့' တရားတော်
၁၇:၃၀ Economic Review
၁၈:၂၀ ဘယ်သူမှန်လဲအပြိုင်ကြဲ
၁၈:၅၀ မာရဝိဇယကမ္ဘာ့အကြီးဆုံးသော စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်း
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ(ဆဋ္ဌမနေ့)
၂၁:၁၅ ဘဝနှင့်အနုပညာ 'တေးရေး၊တေးဆို၊စာရေးဆရာရေနံ့သာစိုးလှိုင်နှင့် တွေ့ဆုံခြင်း' (အပိုင်း–၁)
၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် 'ဒီဝါကျွတ်အဝိဒယ်မအမြန် အစွဲထုတ်ရန် ရှိသည်' (ကျော်ရဲအောင်၊လျှမ်းပြည့်၊စိုးမြတ်သူဇာ)

### mitv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:12 Myanmar Bamboo Xylophone (or) Pattala
07:18 Myanmar Traditional Instruments - Myanma Harp (Episode-2)
07:43 Rural Customs & Powder Festival
08:01 News
08:28 Water Hyacinth and Rattan Products
08:43 Skilled Performance of Traditional Myanmar Colored Glass Ball
09:53 Fullmoon Day of Thadingyut
09:01 Kyauk Se Elephant Dance
09:24 Today Myanmar: The Art of Making Lacquerware in Bagan
09:32 Khema Yama Nunnery School
09:45 Thadingyut Festival
10:27 The Four Famous of Bagan

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဆီမီးရောင်ပြာရွှေလသာ(ဇာတ်လမ်း)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းဖွေရှာရခိုင်ဓလေ့ရှေးရိုးရာ(ငစွေအက)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ရှမ်းရိုးရာသင်ပုတ်စင်

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း–၁)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း–၄)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဆေးပက်ဝင်တဲ့ဟင်းကောင်းတစ်ခွက်

**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအဒါတော်နေ့)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
နွဲ့စိုတူပျော်ရိုးရာမီးထွန်းပွဲတော်

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၁၉)

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ဆီးချို၊သွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ

### MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း–၅)

### MRTV FARMERS' / H TV Channel

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၂၅ ကျိုက်ထီးရိုးသဘာဝနယ်မြေ ထိန်းသိမ်းရေးဘေးမဲ့တော
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၀၇:၁၅ ကျေးလက်ကွန်ရက်
၁၈:၀၀ Barbie(နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / H TV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ 'အချိန်လွန်နောင်တ' ပညာပေးဇာတ်လမ်း

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၂၈**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီဖြစ်စေရေး နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။



## ကလေးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံပုလဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၈၆ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကုသပေးခြင်းများ ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်ရှိ သံဃာတော် ၁၃၈ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၄၀ တို့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Naing Nyi Nyi Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နေ နိုင်ညီညီအောင်(ခ)ဂျာကြီးအား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ “Si Thu Bo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်နေ စည်သူဗိုလ်(ခ)စည်သူနှင့် “U Si” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မီမီလွင်(ခ)မမီတို့နှစ်ဦးအား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Phaung Phaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ အေးမို့မို့အောင်(ခ) ဖောင်းဖောင်းအား ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပိုးလမ်းမကွန်ရက်မှသည် ကမ္ဘာပတ်လမ်းဆီသို့

**မိုး(MISIS)**

### သုတေသနစာတမ်းဖတ်ပွဲ ပြုလုပ်ခြင်း

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies–MISIS) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သုတေသနပညာရှင်များအကြား စာတမ်းဖတ်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ Lotte Hotel ၌ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း ပါဝင်သည့် Hybrid Format ဖြင့် ကျင်းပခဲ့ပါသည်။ စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

Belt and Road Initiative (BRI) (၁၀)နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည့် "ရပ်ဝန်းနှင့် ပိုးလမ်းမအဆိုပြုချက်နှင့် မျှဝေခံစားနိုင်သည့် အနာဂတ်အသိုက်အဝန်း ထွန်းကားရေးဆိုင်ရာ တရုတ်–မြန်မာပူးပေါင်းဆောင်ရွက်မှု" စာတမ်းဖတ်ပွဲ မည်သို့စတင်ပေါ်ပေါက်လာသည်ကိုလည်း တင်ပြလိုပါသည်။ ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနက MISIS ဘက်သို့ အဆိုပြုခဲ့ခြင်းမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ စာတမ်းဖတ်ပွဲဟု ဆိုသော်လည်း ပုံမှန်စာတမ်းဖတ်ပွဲများကဲ့သို့မဟုတ်ဘဲ ပြင်ဆင်မှုအားကောင်းစွာဖြင့် ဖတ်ကြားဆွေးနွေးမည့်စာတမ်းများကို ကြိုတင်ပုံနှိပ်၍ သုတေသနစာတမ်းများ ပေါင်းစုထားသော မြန်မာဘာသာဖြင့် စာအုပ်ကို ဖွင့်ပွဲ၌ပင် မိတ်ဆက်ပြသနိုင်ခဲ့ပါသည်။ မြန်မာဘာသာဖြင့် စာတမ်းများ တရုတ်ဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်းကိုလည်း မကြာမီအချိန်အတွင်း ဆက်လက်ထုတ်ဝေရန် ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့ သုတေသနစာတမ်းများ ပြုစုပုံနှိပ်ခြင်းနှင့် စာတမ်းဖတ်ပွဲကျင်းပခြင်းတွင် ခိုင်မာသော ရည်ရွယ်ချက်များရှိပါသည်။ ယင်းရည်ရွယ်ချက်များ၌ တရုတ်–မြန်မာ နှစ်နိုင်ငံအကြား ၇၃ နှစ်ကျော် သက်တမ်းရှိပြီဖြစ်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အခွန့်ရှည်စေရန်၊ သံတမန်နည်းလမ်းသွယ် (၁.၅) (Track 1.5 Diplomacy)နှင့် သံတမန်နည်းလမ်းသွယ် (၂) (Track II Diplomacy) လမ်းကြောင်းတို့ဖြင့် ဆယ်စုနှစ်တစ်ခုကျော် အသိပညာနှင့် အတွေးအမြင်များ ဖလှယ်ခဲ့ကြသော တတ်သိပညာရှင်အဖွဲ့အစည်း (Think Tanks) နှစ်ခုကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်၊ အလားတူ ဆယ်နှစ်သက်တမ်းရှိပြီဖြစ်သော ရပ်ဝန်းနှင့် ပိုးလမ်းမအဆိုပြုချက် စီမံကိန်းများ၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုသော့ချက်များ၊ အားနည်းချက်များကို လေ့လာ၍ ပိုမိုကောင်းမွန်သောအနာဂတ်ဖြစ်ထွန်းနိုင်ရေးအတွက် အကြံပြုသုံးသပ်ချက် စာတမ်းများ ပေါ်ထွက်ရန်၊ ထို့မှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိ အကြီးအကဲများထံ မူဝါဒရေးရာ အကြံပြုချက်များ တင်ပြနိုင်ရန်စသည်တို့ ပါဝင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး၊ ကုန်သွယ်စီးပွားဆက်ဆံရေး၊ လူမှုဘဝ ဖြစ်ပေါ်တိုးတက်မှုများကို ကမ္ဘာ့ပြည်သူများနှင့် မြန်မာပြည်သူများအကြား နားလည်သိရှိမှုမြှင့်တင်ရေးနှင့် အသိပညာ တိုးတက်ပြန့်ပွားစေရေးအတွက် သုတေသနပြုလုပ်ရန်၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများ စီစဉ်ကျင်းပရန် စသည်တို့သည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ အမြော်အမြင် (Vision)တွင် ပါဝင်သည့် မျှော်မှန်းချက်များ ဖြစ်ပါသည်။



မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ပူးပေါင်း၍ စာတမ်းဖတ်ကြားပွဲတစ်ရပ်ကို စက်တင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပစဉ်။

သုတေသနစာတမ်းစုစည်းမှု စာအုပ်တွင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အမှုဆောင်အဖွဲ့ဝင်များနှင့် သုတေသီများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူများ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဘွဲ့လွန်ကျောင်းသူများ၏ စာတမ်း ၁၁ စောင်အပြင် ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအပါအဝင် ပီကင်းတက္ကသိုလ်၊ ရှမန်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် သုတေသီပညာရှင်များ၏ စာတမ်း ၁၆ စောင်တို့ကို ဖော်ပြခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ပညာရေးရှုထောင့်စုံ ကဏ္ဍစုံမှနေ၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်သော သုတေသနစာတမ်းများကို ရေးသားတင်သွင်းခဲ့ကြပါသည်။ လက်တွေ့စာတမ်းဖတ်ပွဲတွင်မူ မြန်မာနိုင်ငံဘက်မှ ပညာရှင်သုတေသီ ၁၁ ဦးနှင့် တရုတ်နိုင်ငံဘက်မှ ခုနစ်ဦး ပါဝင်ဖတ်ကြားခဲ့ပြီး မြန်မာ၊ တရုတ် မိခင်ဘာသာစကားတို့ဖြင့် တင်ပြဆွေးနွေး၍ ဘာသာပြန်သူက တရုတ်ဘာသာသို့လည်းကောင်း၊ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုရှင်းလင်းပြောကြားပါသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံမှ ပညာရှင်များသည် ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက် (BRI)နှင့်ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘဏ္ဍာရေး စသည့်ရှုထောင့်စုံမှ လေ့လာသုံးသပ်ပြီးနောက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်။

တရုတ်သုတေသနပညာရှင်များ၏ စာတမ်းများအရ အိမ်နီးချင်းမြန်မာနိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အလေးထားပြီး ကံကြမ္မာတူအသိုက်အဝန်းကို အတူတကွ ထူထောင်လိုကြောင်း လေ့လာသိရှိရပါသည်။ နှစ်ဖက်ပညာရှင်များနှင့် သုတေသီများသည် ပိုးလမ်းမ အဆိုပြုချက်၏ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေတို့အပေါ် မူတည်၍ နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သော ဆက်ဆံရေးတည်ဆောက်နိုင်ရန်နှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံကိန်း၏ အားသာချက်/အားနည်းချက်တို့ကို ထောက်ပြဆွေးနွေးခဲ့ကြပါသည်။

### Belt and Road Initiatives ဆိုသည်မှာ

အလျဉ်းသင့်၍ ရပ်ဝန်းနှင့်ပိုးလမ်းမ အဆိုပြုချက် (Belt and Road Initiatives – BRI) နှင့်ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်အချက်များကိုလည်း မျှဝေလိုပါသည်။ BRI သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကာဇက်စတန်နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးစဉ်များအတွင်း စတင်မိတ်ဆက်ခဲ့သော တရုတ်နိုင်ငံ၏ ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ရန် ရည်ရွယ်ထားသော ရေရှည်မဟာဗျူဟာစီမံကိန်းတစ်ခု ဖြစ်ပါသည်။ One Belt One Road (OBOR) တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် BRI အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

BRI သည် ကုန်းလမ်းကြောင်း ပိုးလမ်းမ စီးပွားရေးရပ်ဝန်း (Silk Road Economic Belt – SREB) နှင့် ၂၁ ရာစုရေကြောင်းပိုးလမ်းမ (21st Century Maritime Silk Road–MSR) အစိတ်အပိုင်းနှစ်ခုကို ပေါင်းစပ်ထားသည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းဖြစ်ပါသည်။ ကုန်းလမ်းကြောင်းပိုးလမ်းမစီးပွားရေးရပ်ဝန်းသည် တရုတ်နိုင်ငံမှ အစပြု၍ ကုန်းတွင်းပိတ် အာရှအလယ်ပိုင်း၊ ထိုမှတစ်ဆင့် အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများကို ကုန်းလမ်းကြောင်းဖြင့် ချိတ်ဆက်သည့် ကွန်ရက်ဖြစ်ပါသည်။ ပင်လယ်ရေကြောင်းပိုးလမ်းမသည် တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာတို့မှတစ်ဆင့် အရှေ့တောင်အာရှမှ တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ တောင်အမေရိကနှင့် ဥရောပတို့ကို ဖြတ်သန်းသွားလာနိုင်မည့် အင်ဒို–ပစိဖိတ်ပင်လယ်ရေလမ်းကြောင်းကွန်ရက်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် စီမံကိန်းကွန်ရက်အတွင်း ပါဝင်နေသည့် နိုင်ငံများ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အခြေခံအဆောက်အအုံများ တည်ဆောက်၍ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့မှုမှသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ရည်ရွယ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွင် ဆိပ်ကမ်းများ၊ မိုးမျှော်တိုက်များ၊ မီးရထားလမ်းများ၊ အဝေးပြေးလမ်းမများ၊ တံတားများ၊ လေဆိပ်များ၊ ဆည်များ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ၊ ရထားလမ်းဥမင်များ၊ ရေနံပိုက်လိုင်းများ၊ နယ်စပ်ကုန်သွယ်ရေးကွန်ရက်များ ပါဝင်ပါသည်။

ထို့ပြင် ကုန်းလမ်းကြောင်းကွန်ရက်အတွင်းရှိ နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် နိုင်ငံတကာစီးပွားရေးစင်္ကြံ ခြောက်ခုကို မိတ်ဆက်ရမည်ဆိုလျှင် –

(၁) ယူရေးရှားအသစ် ကုန်းလမ်းပေါင်းကူး စီးပွားရေးစင်္ကြံ (New Eurasia Land Bridge Economic Corridor)၊

(၂) တရုတ်–မွန်ဂိုလီးယား–ရုရှား စီးပွားရေးစင်္ကြံ (China–Mongolia– Russia Economic Corridor)၊

(၃) တရုတ်–အာရှအလယ်ပိုင်း–အာရှအနောက်ပိုင်း စီးပွားရေးစင်္ကြံ (China–Central Asia–West Asia Economic Corridor)၊

(၄) တရုတ်– အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံ (China–Indochina Peninsula Economic Corridor)၊


(၅) တရုတ်–ပါကစ္စတန် စီးပွားရေးစင်္ကြံ (China–Pakistan Economic Corridor)၊

(၆) ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံ (Bangladesh–China–India–Myanmar Economic Corridor (BCIM)) တို့ ဖြစ်ကြပါသည်။


Fudan University အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ၏ ၂၀၂၃ ခုနှစ် ဩဂုတ်လ အထိစာရင်းအရ နိုင်ငံပေါင်း ၁၅၅ နိုင်ငံက စီမံကိန်းတွင်ပါဝင်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်ကာ ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းနီးပါးရှိပါသည်။ စာမျက်နှာ ၁၇ သို့ ✣

**❃ မြန်မာနိုင်ငံသည် BRI စီမံကိန်းများအတွက် အလွန်မဟာဗျူဟာကျသည့် တည်နေရာတွင် ရှိနေသဖြင့် နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အလေးထားထိန်းသိမ်းကာ မိမိနိုင်ငံ၏ လုံခြုံရေးနှင့် အမျိုးသားစီးပွားကို ထိခိုက်မှုမရှိစေသည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်သင့်။**

**❃ BRI စီမံကိန်းများကို တရုတ်နိုင်ငံတည်ထောင်မှု နှစ်(၁၀၀)ပြည့်သည့် ၂၀၄၉ ခုနှစ်တွင် ပြီးမြောက်ရန် ရည်မှန်းပါသည်။ ထိုရည်မှန်းချက် ပြည့်မြောက်ချိန်တွင် မြန်မာနိုင်ငံနှင့်ပြည်သူများသည်လည်း ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုစီးပွားဘဝစသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားရမည်ဟု ယုံကြည်**




ခေတ်သစ်ပိုးလမ်းမကြီးမြေပုံ။




တရုတ်-မြန်မာစီးပွားရေးစင်္ကြံနေရာပြမြေပုံ။

✣ စာမျက်နှာ ၁၆ မှ

တရုတ်နိုင်ငံ၏ BRI အဆိုပြုချက်နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်တန်ဖိုးရှိပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိပြီး တရုတ်-အင်ဒိုချိုင်းနား ကျွန်းဆွယ် စီးပွားရေးစင်္ကြံနှင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ အစိတ်အပိုင်းများတွင် ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် BRI အကောင်အထည်ဖော်ဆောင်မှု အစီအစဉ်များတွင် ပါဝင်လျက်ရှိပြီး တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာတွင်လည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှအစပျိုး၍ မြန်မာနိုင်ငံ မန္တလေးမြို့အထိ၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် ကျောက်ဖြူမြို့သို့ ဖြာထွက်သွားသည့်လမ်းကြောင်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကာ နှစ်နိုင်ငံဘက်စုံစီးပွားကုန်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

BRI ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတကာကွန်ရက်နှင့်ပါ ချိတ်ဆက်၍ ကုန်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ ရရှိနိုင်သောကြောင့် သဘောကျနှစ်ခြိုက်သူများရှိသကဲ့သို့ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်မှုကြောင့် ကြွေးမြီထောင်ချောက်ပြဿနာများ ရှိနိုင်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနစ်နာသည်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည်ဟူသော ဝေဖန်မှုသုံးသပ်မှုများလည်း ကြုံတွေ့ကြရပါသည်။

**ပူးပေါင်းဆောင်ရွက်ရာတွင် သတိပြုဖွယ်များ**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံစီးပွားရေးစင်္ကြံဖော်ဆောင်ရာတွင် သတိပြုဖွယ်များလည်း ရှိနေပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ၎င်း၏ အဖွင့်အမှာစကားတွင် "မည်သည့်ကိစ္စတွင်မဆို ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ အကောင်းအဆိုးဒွန်တွဲတည်ရှိနေတတ်ပြီး အားသာချက်၊ အားနည်းချက်တို့ကို အကဲဖြတ်စိစစ်မည်ဆိုလျှင် ယင်းစီမံကိန်းကြောင့် အကျိုးကျေးဇူး မည်မျှခံစားနိုင်မည်၊ အများပြည်သူ၏ လူမှုစီးပွားဘဝ မည်မျှတိုးတက်နိုင်မည်ကို ယှဉ်ထိုးစဉ်းစား တိုင်းတာကြရမည်ဖြစ်ကြောင်း။ အကဲဖြတ်တိုင်းတာရာတွင်လည်း ယခင်က သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်နိုင်ခြေများအတွက် EIA (Environmental Impact Assessment)၊ SIA (Social Impact Assessment) တို့ကို လေ့လာသုံးသပ်ချက်များ ပြုလုပ်လေ့ရှိပြီး ယခုနောက်ပိုင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကြုံတွေ့ရလေ့ရှိသည့် ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် နိုင်ငံတကာ လှုပ်ရှားမှုများ၏ မဟာဗျူဟာတို့ကို စဉ်းစားရန် Political Impact Assessment နှင့် Strategic Impact Assessment တို့ကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း၊ သို့မှသာ အထိခိုက်အနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံးရနိုင်သည့်စီမံကိန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိနေသောကြောင့် စီမံကိန်းဖြစ်နိုင်ခြေကို ဂဃနဏလေ့လာဆုံးဖြတ်ရမည်မှာ ကနဦးလိုအပ်ချက်ဖြစ်ပါသည်။ ထို့အပြင် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေရှိ ဒေသခံပြည်သူလူထုနှင့် ပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရေး၊ လူမှုစီးပွားဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်ရှိစေရေးတို့ကို အဓိကအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းများကို မစတင်မီကပင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် စီမံကိန်း၏ တိုက်ရိုက်သက်ရောက်မှုများ ခံစားရမည့် ဒေသခံပြည်သူများအမြင်ကို အများပြည်သူထံ အသိပေးရမည်ဖြစ်သည်။

BCIM Corridor နှင့် CMEC Corridor စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဈေးကွက်များ ဖြစ်ထွန်းနိုင်ခြင်း၊ ကုန်သွယ်မှုလျင်မြန်စွာ စီးဆင်းနိုင်ခြင်း အကျိုးကျေးဇူးများရရှိနိုင်သည်။ အလားတူ စီမံကိန်းလမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးမှ ပြည်သူလူထုအားလုံးတန်းတူညီမျှအခွင့်အရေးရရှိရန်၊ အားလုံးအတူတကွ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စသည်တို့လည်း မဖြစ်မနေလိုအပ်ပါသည်။

လူ့သမိုင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် လူတို့၏ လုပ်ဆောင်ချက်များကြောင့်ပင်ဖြစ်သကဲ့သို့ ကိစ္စရပ်တိုင်းတွင်လည်း အကောင်းအဆိုး၊ အကြောင်းအကျိုးတို့က အစဉ်အမြဲ ယှဉ်တွဲနေတတ်ပါသည်။ ထို့ကြောင့် မိမိတို့လက်ထက်တွင် ပေါ်ပေါက်လာသော အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို မိမိတို့က နောင်အနာဂတ် မျိုးဆက်သစ်များအတွက်မည်ကဲ့သို့ ပုံဖော်ထုဆစ်ကြမည်ဆိုသည်မှာ ယနေ့ခေတ်မျိုးဆက်ဖြစ်သည့် မိမိတို့လက်ဝယ်တွင် ရှိနေပါသည်။

မြန်မာနိုင်ငံသည် BRI စီမံကိန်းများအတွက် အလွန်မဟာဗျူဟာကျသည့် တည်နေရာတွင် ရှိနေသဖြင့် နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အလေးထားထိန်းသိမ်းကာ မိမိနိုင်ငံ၏ လုံခြုံရေးနှင့် အမျိုးသားစီးပွားကို ထိခိုက်မှုမရှိစေသည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်သင့်ပါသည်။ ကမ္ဘာ့အင်အားကြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေပြီး ပထဝီအနေအထား ပေးထားချက်၏ အားနည်းချက်တို့ကို သတိထားကိုင်တွယ်ရင်း အားသာချက်တို့ကို ပါးပါးနပ်နပ် အသုံးချရမည်ဖြစ်ပါသည်။

BRI စီမံကိန်းများကို တရုတ်နိုင်ငံတည်ထောင်မှုနှစ်(၁၀၀)ပြည့်သည့် ၂၀၄၉ ခုနှစ်တွင် ပြီးမြောက်ရန် ရည်မှန်းပါသည်။ ထိုရည်မှန်းချက် ပြည့်မြောက်ချိန်တွင် မြန်မာနိုင်ငံနှင့် ပြည်သူများသည်လည်း ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုစီးပွားဘဝစသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားရမည်ဟု ယုံကြည်မျှော်လင့် မိပါသည်။ ။

**ကျမ်းကိုးစာရင်း**

**ရပ်ဝန်းနှင့်ပိုးလမ်းမအဆိုပြုချက်နှင့် မျှဝေခံစားနိုင်သည့် အနာဂတ်အသိုက်အဝန်း ထွန်းကားရေးဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုသုတေသနစာတမ်းများ**

## ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ "မိသားစုဝင်ငွေတိုးစီမံကိန်း" ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးသုံး စက်ပစ္စည်းပေးအပ်ပွဲ ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးသုံး စက်ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ က မဥ္ဇူသကခန်းမတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားသည်။




ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးထက်အောင်က ဒေသဖွံ့ဖြိုးရေးသုံး စက်ပစ္စည်းများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ကော့သောင်းမြို့နယ် စစ်ဗျူဟာအဖွဲ့(အခြေချ) ဗိုလ်မှူးကြီး အောင်သက်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်မျိုးသန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးကိုကိုနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုတို့က ဒေသဖွံ့ဖြိုးရေးသုံး စက်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ချင်းပြည်နယ် တွန်းဇံမြို့ ခေါဝုန်/ လေးဆန်ရပ်ကွက်ရှိ Cyclone Shelter သွားလမ်းနှင့် Cyclone Shelter ဘေးပတ်ဝန်းကျင်၌ အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်၍ မြို့နယ်လုံခြုံရေးတပ်ဖွဲ့ဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၇၄ ဦးက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဇိုဇွန်းပါလ်(ပြန်/ဆက်)

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံတမံသဘော ရေထိန်းတော။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ချို(ချင်း)တို့၏ ရိုးရာဓလေ့ထုံးစံများ




စာရေးသူ လင်းမြတ်(မင်တပ်) (ခ) ထန်းအွမ်ပိုင်း စီစဉ်ရေးသားသည့် ချို(ချင်း)တို့၏ ရိုးရာဓလေ့ထုံးစံများစာအုပ် ထွက်ရှိလာသည်။

ချို(ချင်း)တို့၏ ရိုးရာဓလေ့ထုံးစံများကို ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များ အတွေးအခေါ်များ ရင့်ကျက်လာကာ ဗဟုသုတများ တိုးပွားလာပြီး ခေတ်နောက်ပြန်ဆွဲသည့်အနေအထားများကို ပစ်ပယ်၊ ဖျောက်ပစ်နေကြပြီဖြစ်၍ စာရေးသူတို့၏ မြေးများ၊ မြစ်များ၊ တီများ၊ တွဒ်များ လက်ထက်တွင် ပျောက်ကွယ်တိမ်မြုပ်သွားမည့်အနေအထားများကိုပင် မြင်တွေ့နေရပါသည်။

ဖျောက်ဖျက် ပစ်ပယ်သင့်သည်များကို ဖျောက်ဖျက်ပစ်ပယ်ရမည်မှာ မှန်သော်ငြားလည်း ရိုးရာဓလေ့အချို့ကိုတော့ဖြင့် မပစ်ပယ်သင့်ပါ၊ မပစ်ပယ်သင့်သည့် ချစ်စရာ၊ မြတ်နိုးစရာကောင်းသည့် ရိုးရာဓလေ့များလည်း ရှိနေပါသည်။ ထို့ကြောင့် ချို(ချင်း)တို့၏ ရိုးရာဓလေ့ထုံးစံများကို ရေးသားဖော်ပြရခြင်းဖြစ်သည်။

အဆိုပါစာအုပ်သည် ပြည့်စုံသော ဆောင်းပါးများမဟုတ်ပါ။ ပြီးပြည့်စုံအောင် ရေးသားရမည်ဆိုပါက ကျမ်းကြီးတစ်စောင်ပင် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သိရှိရုံ အခြေခံသဘောလောက်သာ ထိုစာအုပ်ကို ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။ စာရှုသူများဖတ်ရှု၍ သဘောကျနှစ်ခြိုက်မည်ဆိုပါက စာရေးသူက ရေးရကျိုးနပ်သည်ဟု ဆိုရပါမည်။ ထိုစာအုပ်ကိုဖတ်ရှုပြီး ဝေဖန်ထောက်ပြ၊ အကြံပြုနိုင်ပါကြောင်းကိုလည်း ရေးသားထားသည်။

**စာအုပ်ကို-ဦးဆလိုင်းရွှေလင်း(မှတ်ပုံတင်-၀၀၆၇၀) သုဒ္ဒန္တ စာပေ၊ အမှတ်(၃၁)၊ (၆) လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံ၊ ရန်ကုန်မြို့ကထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။**

## ဘယ်ပန်းချီရေးလို့မမီပါတကားနှင့် အခြား ကျွန်ုပ်၏အမှတ်တရပုံရိပ်များ




စာရေးသူ ကိုအေး(ပထဝီဂုဏ်) စီစဉ်ရေးသားသည့် ဘယ်ပန်းချီရေးလို့မမီပါတကားနှင့် အခြားကျွန်ုပ်၏အမှတ်တရပုံရိပ်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘယ်ပန်းချီရေးလို့မမီပါတကား၊ မွေးမိခင်၏ ဘဝအဖော်မွန်နှင့် ကျွန်ုပ်ဘဝ၏လမ်းပြကြယ်၊ ဝိဇ္ဇာမောင်တစ်ယောက် သိပ္ပံဆောင်ရောက်ခဲ့ပုံကတော့၊ ပညာမိခင်ကျေးဇူးရှင်နှင့် ရာပြည့်ပထဝီဝင်၊ ရန်ကုန်တက္ကသိုလ်အဆောက်အအုံတွင် ပညာရည်ချွန်ဆု ယူခဲ့ဖူးတယ်၊ ကမ္ဘာမြေပထဝီဝင် သုံးသပ်လေ့လာသင်အစဉ်အရေး ကြီးနေမည်သာ၊ မြန်မာနိုင်ငံပထဝီဝင်အသင်းကြီး ဘာလဲ...ဘယ်လဲ၊ ပထဝီဝင်ချစ်သူ မြေပုံမြတ်နိုးသူမှသည် ပြည်ထောင်စုကြီးကို ထာဝရချစ်မြတ်နိုးသူဆီသို့၊ အင်္ဂလိပ်စာအားနည်းခဲ့သူတစ်ယောက်အကြောင်း၊ တက္ကသိုလ်အငြိမ်းစားဆရာကြီး၏ စာအုပ်အပေါ် ကျွန်ုပ်၏အမြင်” လွှတ်တော်နိုင်ငံရေး”၊ ပထဝီဝင်နားနှင့် မျက်စိကိုဖွင့်ပေးခဲ့သော ကျေးဇူးရှင်ဆရာသို့၊ လုပ်သားများကောလိပ်ဝန်ထမ်းဘဝနှင့် အမှတ်တရပုံရိပ်များ အစရှိသော အခန်း ၁၆ ခန်းကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။

“ဘာမှအာရုံမများနဲ့။ တက္ကသိုလ်တက်ဖို့ ရန်ကုန်ကိုသာသွား။ ဘွဲ့တစ်ဘွဲ့ရအောင်လုပ်။ ဈေးဆိုင်ကိစ္စကို လုံးဝနောက်ဆံမငင်နဲ့။ ကျောင်းစရိတ်အတွက် အမေပိုကြိုးစာပြီး ပိုက်ဆံရှာမယ်။ ပိုအပင်ပန်းခံပြီး အလုပ်လုပ်မယ်။ မင်းသာစာကြိုးစား” ဟု စာရေးသူ၏မိခင်ကြီး ဒေါ်ဥ( ပြည်ထမင်းသုပ်) က ဤသို့မှာကြားခဲ့သည်။

**စာအုပ်ကို-ကိုလတ်စာပေ၊ အမှတ် (၂၂၀)၊ (၃၁) လမ်း (အထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈ မှ တန်ဖိုးငွေကျပ် ၉၈၀၀ ဖြင့် ဖြန့်ချိသည်။**

## ကချင်ပြည်နယ်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာမည်

မြစ်ကြီးနား အောက်တိုဘာ ၂၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများသည် မြစ်ကြီးနားမြို့ အခြေခံပညာ အထက်တန်းကျောင်း (စီတာပူ) ကျောင်းဝင်း၊ မြစ်ကြီးနားမြို့ဝင်မုခ်ဦးအနီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ/ယာနှင့် အံတော်ရှင်ဘုရား၊ လောကမာန်အောင်ဆုတောင်းပြည့်စေတီတော်တို့နှင့် မြစ်ကြီးနား တက္ကသိုလ်ဝင်းအတွင်းတို့တွင် တပ်မတော်သားများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ရိတ်ခြင်း၊ အမှိုက်များ ကောက်ယူစွန့်ပစ်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းတို့ကို ကြည့်ရှုအားပေးကာ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း မဏ္ဍယ်ခန်းမ၌ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒုတိယအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထိုသို့ အမှာစကားပြောကြားရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအတွက် စီးပွားရေးအခွင့်အလမ်းများ၊ စီးပွားရေး အသိအမြင်များ တိုးတက်လာစေရန် တည်ထောင်ထားခြင်းဖြစ်သည့်အတွက် ပြည်နယ်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အတွက် ငွေကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်အတွင်းမှ လုပ်ငန်းရှင် အစုရှယ်ယာပေါင်း ၄၉၀ ကို ကိုယ်စားပြုသည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်း ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်

မုံရွာ အောက်တိုဘာ ၂၈

မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ ရေကြောင်းလမ်းသယ်ယူပို့ဆောင်ရေး၊ ရေထုညစ်ညမ်းမှုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကို ကာကွယ်တားဆီးစေနိုင်ရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်း ကာကွယ်တားဆီးရေးလှုပ်ရှားမှု စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ကျော်ဖြင့် တပျော်တပါး စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေကြသူများနှင့်အတူ ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်း၊ ကာကွယ်တားဆီးရေးလှုပ်ရှားမှု စုပေါင်းအမှိုက်ကောက်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် - ၂၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဆေးရုံပတ်ဝန်းကျင် ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်စေရေး၊ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၉-၉-၂၀၂၃ ရက်နေ့မှအဆက်)

ဘုရားရှင်သည် ရှေ့ကကြွတော်မူပြီး နောက်မှ လိုက်ပါလာသော သားတော်အရှင်ရာဟုလာ၏ တွေးတောကြံစည်နေသည့်စိတ်သန္တာန်ကို ကြိုသိတော်မူသည်။ ဘုရားရှင်က သားတော်စိတ်သန္တာန်၌ ဖြစ်နေသော လောဘကိလေသာ တဏှာဖြင့် သားတော်၏ သူကောင်းတရားသည်းခံမှုများ မပျက်စီးမီ ယင်းကိလေသာတို့ နှိမ်နင်းစေလိုသည့် အကြံ ဖြစ်ပေါ်လာသည်။ ဘုရားရှင်က နောက်တော်သို့လှည့်၍ သားတော်ရာဟုလာအား သားတော်ချစ်သားရာဟုလာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ရှိသော ရုပ်တရားတို့ကို ငါပိုင်ဥစ္စာ၊ ငါမဟုတ်ကြောင်း ငါအတ္တမဟုတ် အရှိကိုအရှိအတိုင်း ဟုတ်မှန်စွာ ဝိပဿနာဉာဏ်ဖြင့် ရှုရမည်။ ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော နာမ်ခန္ဓာလေးပါးကိုလည်း ဤသို့ရှုရမည်ဖြစ်ကြောင်း မိန့်တော်မူလေသည်။

အရှင်ရာဟုလာသည် ဘုရားရှင်၏ ဆုံးမစကားကို ကြားရလျှင် ဘုရားရှင်က မိမိတွင်ရှိသော လောဘကိလေသာတို့ သိတော်မူ၍ ငါ့အား မျက်နှာချင်းဆိုင် ရပ်တော်မူပြီး ဆုံးမခြင်းဟု အကြံဖြစ်လေသည်။

အရှင်ရာဟုလာသည် ဆွမ်းခံခြင်းကို စွန့်လွှတ်၍ ဤနေရာမှပင် ကျောင်းတော်သို့ ပြန်လှည့်ကာ သစ်တစ်ပင်အောက်သို့သွားပြီး ကမ္မဋ္ဌာန်းတရားကို ပွားများလေသည်။ ဘုရားရှင်ကလည်း ရာဟုလာသည် ကာယဂတာ သတိကမ္မဋ္ဌာန်းတည်းဟူသော အမြိုက်တရား သုံးဆောင်လေဦးဟု ကြံတော်မူသည်။ ထိုသို့ကြံတော်မူသောကြောင့် ရာဟုလာအား မတားမြစ်ဘဲ ဆွမ်းခံမြဲ ဆက်လက်ကြွတော်မူလေသည်။

ဘုရားရှင်၏ လက်ယာရံဖြစ်သော အရှင်သာရိပုတ္တရာသည် ကျောင်းသန့်ရှင်းရေး၊ ရဟန်း၊ သာမဏေတို့၏ ကျန်းမာရေး စသည်တို့ကို ကြည့်ရှုရသော တာဝန်ရှိသောကြောင့် နောက်ဆုံးမှ ဆွမ်းခံကြွရသည်။ ထိုအချိန်၌ အရှင်ရာဟုလာ သစ်ပင်အောက်တွင် တင်ပျဉ်ခွေထိုင်၍ တရားအားထုတ်နေသည်ကို မြင်ရသည်။ အရှင်သာရိပုတ္တရာကလည်း အရှင်ရာဟုလာအား (ထွက်သက်ဝင်သက် အောက်မေ့သည်) အာနာပါန သတိဘာဝနာကို ပွားများလော့။ အာနာပါနဘာဝနာကိုပွားများခြင်းသည် ကြိမ်ဖန်များစွာ ပွားနေပါက များစွာအကျိုးရှိကြောင်း တိုက်တွန်း၍ ဆွမ်းခံဆက်ကြွလေသည်။

အရှင်ရာဟုလာသည် ကျောင်း၌ တစ်ပါးတည်း ကျန်ခဲ့လေသည်။ ဘုရားရှင်ကလည်း



ဆွမ်းဘောဇဉ်တို့ကို ၎င်းအတွက် ဆောင်ယူသွားခြင်း မရှိပါ။ အရှင်အာနန္ဒာကလည်း အရှင်ရာဟုလာအား သွားမပို့ခိုင်း၊ အရှင်သာရိပုတ္တရာကလည်း ၎င်းအတွက် ဆွမ်းမယူဆောင်လာပါ။ ထိုနေ့၌ အရှင်ရာဟုလာသည် ဆွမ်းဘုဉ်းမပေးရချေ။ ၎င်းကလည်း ဆွမ်းအပေါ် အာရုံမရှိပါချေ။ အရှင်ရာဟုလာသည် နေ့လယ်၌ ဘုရားရှင်ပေးသော ရုပ်ကမ္မဋ္ဌာန်းကို အကြိမ်ကြိမ်ပွားများသည်။ ညအချိန်၌ အရှင်သာရိပုတ္တရာပေးခဲ့သော အာနာပါနဘာဝနာကို ပွားများပြီး ၎င်းဘာဝနာ၏ အကျိုးအာနိသင်ကို ဘုရားရှင်အား မေးမြန်းလျှောက်ထားလေသည်။ ဘုရားရှင်က လေးပါးသော မဟာဘူတရုပ်ကမ္မဋ္ဌာန်းပွားများပုံ၊ အာကာသရုပ်ကမ္မဋ္ဌာန်း ဗြဟ္မဝိဟာရတရားလေးပါး ပွားများပုံ၊ အသုဘသညာ၊ အနိစ္စသညာပွားများပုံနှင့် တကွ အာနာပါနဘာဝနာပွားများပုံများကို အကျယ်တဝင့်ဟောကြားလေသည်။ ထို့နောက် ဘုရားရှင်သည် အရှင်ရာဟုလာအား-

(၁) မုသားစကားများကို မပြောမိစေရန် အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်ကိုလည်းကောင်း၊

(၂) ရာဟုလသုတ် = အဘိဏှရာဟုလောဝါဒသုတ်၊ ရာဟုလသံယုတ်တို့ကိုလည်းကောင်း အလျဉ်းသင့်သလို အမြဲမပြတ် ဆုံးမတော်မူသည်။

(၃) ဝိပဿနာဉာဏ် ရရှိနိုင်ရန် ရာဟုလာသံယုတ်ကိုလည်းကောင်း၊

(၄) ဂဟသိတဆန္ဒရာဂ၊ တဏှာလောဘတို့ကို ပယ်ဖျောက်စေရန် မဟာရာဟုလောဝါဒသုတ်ကိုလည်းကောင်း၊

(၅) ရာဟုလာရဟန်းဖြစ်စဉ် အရဟတ္တဖိုလ်သို့ ရောက်စေရန် စူဠရာဟုလောဝါဒသုတ်ကိုလည်းကောင်း ဟောကြားဆုံးမလေသည်။

**အရှင်သီဝလိမထေရ်အကြောင်း**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပြီးနောက် ကောလိယပြည်၊ ကုဏ္ဍိက (ကုဏ္ဍိ-ကောလိယ) ပြည်သို့ ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ခရီးထွက်တော်မူသည်။ ကောလိယမင်းတို့ ဆောက်လုပ်ထားသော ကျောင်းတိုက်တို့၌ ရောက်ရှိသောအခါ သီတင်းသုံးတော်မူသည်။ ယင်းမြို့၌ "သုပ္ပဝါသာ" မည်သော သာကီနွယ်ဝင် မင်းသမီးတစ်ပါးရှိသည်။ ၎င်းသည် ရှင်သီဝလိအလောင်းတော်ကို ပဋိသန္ဓေနေချိန်ဖြစ်သည်။ ယင်းသို့ ပဋိသန္ဓေနေချိန်မှာပင် နေ့ရောညပါ လက်ဆောင်ပဏ္ဏာများ တဖွဲဖွဲရောက်နေပါသည်။

သုပ္ပဝါသာမင်းသမီးသည် အရှင်သီဝလိအလောင်းကို ပဋိသန္ဓေဆောင်ရသည်မှာ ခုနစ်နှစ်မျှကြာပါသည်။ ယင်းသို့ ခုနစ်နှစ်ပြည့်၍ မွေးဖွားချိန်ရောက်သောအခါ ခုနစ်ရက်တိုင်တိုင် မီးဖွားမှုဆင်းရဲကို ခံစားရသည်။ ၎င်းမင်းသမီးသည် ဘုရားရှင်၏ ဂုဏ်တော်နှင့်စပ်သောအကြံ၊ သံဃာတော်၏ သုပ္ပဋိပန္နဂုဏ်တော်နှင့်စပ်သောအကြံ၊ နိဗ္ဗာန်၏ သန္တိသုခဂုဏ်နှင့်စပ်သောအကြံ ဤသို့သောအကြံ သုံးမျိုးဖြင့် ဘုရား၊ တရား၊ သံဃာ ဂုဏ်တို့ကို အာရုံပြုအောက်မေ့လျက် မညည်းမညူ သည်းခံအောင့်အည်း၍ နေပေသည်။

ယင်းအမျိုးသမီးသည် သူ မသေခင် အသက်ထင်ရှားရှိစဉ် အလှူပေးလှူလိုကြောင်း ဆန္ဒရှိသည်ဟု သူ့ခင်ပွန်းမောင်တော် မင်းသားကောလိယကို ပြောသည်။ ထို့အပြင် သူ့မောင်တော် မင်းသားကောလိယအား ဘုရားရှင်ကို ပင့်ဖိတ်ပေးရန်နှင့် ဘုရားရှင်မိန့်တော်မူသောစကားကို သူ့အား ပြန်ပြောရန် စေခိုင်းလေသည်။ ကောလိယမင်းသားသည် ဘုရားရှင်ထံသို့သွား၍ မင်းသမီး၏ဖြစ်စဉ်တို့ကို လျှောက်ထားသည်။ ထို့နောက် မနက်ဖြန် ဆွမ်းကပ်မည်ဖြစ်ကြောင်း ပင့်ဖိတ်လေသည်။ ဘုရားရှင်က သုပ္ပဝါသာမင်းသမီးသည် ပကတိ ချမ်းသာလျက် ရောဂါမရှိ ဘုန်းရှိသောသားတော်ကို မွေးဖွားပါစေသတည်းဟု မိန့်တော်မူလေသည်။ ယင်းအချိန်မှာပင် သုပ္ပဝါသာမင်းသမီးသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း သားတော်ကို ဖွားမြင်လေသည်။ ကောလိယမင်းသည် ပြန်လာပြီး သူ့ဇနီးမယား မင်းသမီးအား ဘုရားရှင်မိန့်တော်မူသည့်စကားကို ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်ပြောလေသည်။

သုပ္ပဝါသာမင်းသမီးသည် အလွန်သဒ္ဓါတရားထက်သန်သူဖြစ်သောကြောင့် ယခုပင့်ဖိတ်ကျွေးသော ဆွမ်းသည် မင်္ဂလာဆွမ်းဖြစ်၍ ခုနစ်ရက်တိုင် ဘုရားရှင်အား ဆွမ်းဘုဉ်းပေးကြွတော်မူရန် သူ့ခင်ပွန်းမင်းသားအား ပင့်ဖိတ်စေသည်။ မင်းသားကလည်း သူ့ဇနီးမင်းသမီး ပြောဆိုသည့်အတိုင်း ဆောင်ရွက်လေသည်။ သူတို့ဇနီးမောင်နှံသည် ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးဖြစ်သော သံဃာတော်များကို ဆွမ်းကပ်တော်မူသည်။ သားတော်ကို သီဝလိဟု အမည်ပေးလေသည်။

သီဝလိသည် ခုနစ်နှစ်တိုင်တိုင် ဝမ်းထဲ၌ ပဋိသန္ဓေနေရသောကြောင့် မွေးဖွားပြီးသောအခါ ခုနစ်နှစ်သားအရွယ်တို့ ပုံစံအတိုင်းဖြစ်လာပေသည်။ ခုနစ်နှစ်သားအတိုင်း ပြုလုပ်ဆောင်ရွက်နိုင်လေသည်။

ထို့ကြောင့် သီဝလိသည် ရေစစ်ကိုယူ၍ အလှူလှူသည့် ခုနစ်ရက်ပတ်လုံး ရေစစ်ပြီး သံဃာတော်များအား ရေကပ်လှူသည်။ ခုနစ်ရက်မြောက်သောနေ့တွင် အရှင်သာရိပုတ္တရာက သီဝလိအား သင်ယခုကဲ့သို့ ဒုက္ခဆင်းရဲအစုစုခံရပြီးပြီ ရဟန်းပြုလိုသောဆန္ဒမရှိဘူးလားဟု မေးတော်မူလေသည်။ သီဝလိကလည်း မိဘများက ခွင့်ပြုလျှင် ရဟန်းပြုလိုကြောင်း လျှောက်ထားလေသည်။ ဤသို့သော အရှင်သာရိပုတ္တရာနှင့် သီဝလိတို့ ပြောဆိုနေသည့် အကြောင်းကိုကြားသော သုပ္ပဝါသာမင်းသမီးသည် သီဝလိအား ရှင်ပြုပေးတော်မူပါဟု အရှင်သာရိပုတ္တရာအား လျှောက်ထားကာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သားတော်ကို ရဟန်းပြုရန် ခွင့်ပြုလိုက်လေသည်။

အရှင်သာရိပုတ္တရာကလည်း သီဝလိအား ကျောင်းတော်သို့ ခေါ်သွားပြီး ကမ္မဋ္ဌာန်းတရားကို ပေးကာ သင်သည် အခြားဆုံးမစကားပြောရန်မလို ခုနစ်နှစ်လုံးလုံး ခံစားခဲ့ရသောဒုက္ခကို ဆင်ခြင်လော့ဟု မိန့်ကြားတော်မူသည်။ ဆံကိုရိတ်နေစဉ်ပင် တရားကို နှလုံးသွင်းနေသော သီဝလိသည် ထိုနေရာ၌ပင် မဂ်လေးပါးကို အစဉ်တိုင်းရ၍ ဆံရိတ်ပြီးသည်နှင့်တစ်ပြိုင်နက် ရဟန္တာဖြစ်သွားလေသည်။ သီဝလိ ရဟန်းပြုသည့်အချိန်၌ပင် ရဟန်းသံဃာတို့အတွက် ဆွမ်း စသည့် လာဘ်လာဘများ ပေါများလာပေသည်။


ဘုရားရှင်သည် သာဝတ္ထိပြည်သို့ရောက်သောအခါ၌ အရှင်သီဝလိက သူ့ဘုန်းကံကို လက်တွေ့စမ်းသပ်လို၍ သူနှင့်အတူ ရဟန်းငါးရာကို အဖော်အဖြစ် ထည့်ပေးပါဟု ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူသည်။ အရှင်သီဝလိသည် ဟိမဝန္တာတောလမ်းအတိုင်း ရဟန်းများနှင့်အတူ ကြွတော်မူလေသည်။ (၁) ပထမဦးစွာ ညောင်ပင်ကြီးတစ်ပင်အောက်တွင် စခန်းချသော် ခုနစ်ရက်တိုင် ညောင်ပင်စောင့်နတ်က အလှူကြီးကို ပေးတော်မူသည်။ (၂) ပဏ္ဍဝတောင်၊ (၃) အစီရဝတီပြည်၊ (၄) ဟုသာဂရမည်သော သမုဒ္ဒရာ၊ (၅) ဟိမဝန္တာတောင်၊ (၆) ဆန္ဒအိုင်၊ (၇) ဂန္ဓမာဒနတောင်၊ (၈) အရှင်ရေဝတနေရာသို့ အစဉ်အတိုင်းကြွတော်မူရာ အရှင်သီဝလိအား ထိုနေရာအားလုံးတိုင်ပင် ခုနစ်ရက်စီ နတ်တို့က အလှူပေးကြလေသည်။

**"သုပ္ပဝါသာမင်းသမီးသည် အရှင်သီဝလိအလောင်းကို ပဋိသန္ဓေဆောင်ရသည်မှာ ခုနစ်နှစ်မျှကြာပါသည်။ ယင်းသို့ ခုနစ်နှစ်ပြည့်၍ မွေးဖွားချိန်ရောက်သောအခါ ခုနစ်ရက်တိုင်တိုင် မီးဖွားမှုဆင်းရဲကို ခံစားရသည်။ ၎င်းမင်းသမီးသည် ဘုရားရှင်၏ ဂုဏ်တော်နှင့်စပ်သောအကြံ၊ သံဃာတော်၏ သုပ္ပဋိပန္နဂုဏ်တော်နှင့်စပ်သောအကြံ၊ နိဗ္ဗာန်၏ သန္တိသုခဂုဏ်နှင့်စပ်သောအကြံ ဤသို့သောအကြံသုံးမျိုးဖြင့် ဘုရား၊ တရား၊ သံဃာ ဂုဏ်တို့ကို အာရုံပြုအောက်မေ့လျက် မညည်းမညူ သည်းခံအောင့်အည်း၍ နေပေသည်"**

(ဆက်လက်ဖော်ပြပါမည်)

ဝတ္ထုတို

## ■ ပိုင်ပိုင်




(၁)

ပြင်းပြင်းပြပြ တောင့်တခြင်း။ ဆန္ဒတစ်စုံတစ်ရာကပ်ငြိခြင်းကို အသိသတိနှင့်ဖယ်ရှားနေလည်း ဖယ်လိုက် ပြန်ကပ်ငြိလိုက်နှင့်.....။ ခက်ခက်ရချေပြီ။ မျက်စိများပင် ပြာဝေလာသလိုလို။ အာခံတွင်း၌ခြောက်သွေ့လာသလိုလို။ စေးကပ်လာသလိုလိုနှင့် မြင်မြင်လေရာကို စိတ်ကအလိုမကျ။

"ဘိုးကြီး...တွားမယ်ယေ... တွားမယ်ရို့"

လေးနှစ်အရွယ် ပိန်မဲမဲမြေးလေးကလည်း ကျွန်တော့်လိုပဲ အာသာဆန္ဒပြင်းပြနေပြီ။ မနက်ခင်းတိုင်း မြေးအဘိုးနှစ်ယောက် လမ်းလျှောက်သွားဝယ်နေကျ။

"ဖိုးသဲ...ဟဲ့ ဖိုးသဲ နင့်အဘိုးနားကပ်မနေနဲ့ လာ...ထမင်းကြော်လာစား"

ချွေးမ၏ သူ့သားငယ်ကို အော်ခေါ်သံက ကျွန်တော့်ကို အလေးမထားသံဟု ထင်မိသေး၏။ သားကြီးတော့ အလုပ်သွားပြီ။ ဖခင်၏ ဘဝတစ်လျှောက်လုံး နှစ်သက်ပင်ပန်းစွာ လုပ်လာခဲ့သော ဝန်ထမ်းအလုပ်ကို အထင်သေးတတ်လွန်းသည့် သားကြီး။

"တော်စမ်းပါဗျာ...အဖေ့ အလုပ်ထဲတော့ ကျုပ်မဝင်ဘူး။ ကြည့်နေစမ်းပါအဖေ့ လစာထက် လစဉ် နှစ်ဆရအောင်ရှာပြမယ်"

ကျွန်တော် မတတ်နိုင်ခဲ့ပါ။ သားကြီးကိုကော သားငယ်ကိုပါ ကျွန်တော်တို့ဌာနတွင် အလုပ်သွင်းမပေးနိုင်ခဲ့ပါ။ ကျွန်တော့်လို သမားရိုးကျဝန်ထမ်းဘဝကို သူတို့မလိုလားကြပါ။ သားကြီး ဆယ်တန်းအောင်သည်နှင့် အဝေးသင်တက္ကသိုလ်သာတက်သည်။ သူသိပ်လုပ်ချင်သော သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတွင် အလုပ်ဝင်ခဲ့၏။ သူပြောခဲ့သလိုပင် ကျွန်တော့်လစာထက် နှစ်ဆဝင်ငွေရသဖြင့် မိခင်က သဘောတကျကျ။ သားငယ်ကလည်း ဆယ်တန်းပင် မဖြေပါ။ အတန်တန်တားနေသည့်ကြားမှပင် မလေးရှားသို့ အလုပ်လုပ်ရန် ထွက်ခွာသွား၏။

"လူရယ်လို့ဖြစ်လာပြီး ဒီတိုင်းပြည်အတွက် ပြည်သူ့အကျိုးပြုတာဝန်ကို ထမ်းဆောင်ရတာ အင်မတန်ဂုဏ်ယူစရာကွ။ အဖေက ဘုန်းကြီးကျောင်းထွက် ဆိုပေသိ ငါ့သားကြီးက ဘွဲ့ရပညာတတ်... ဟေး ဟေး..ဟန်ကျသကွာ။ ကျေနပ်တာ။ အဖေက လုပ်သားကြီးနဲ့ ပင်စင်ထိုင်ရပေမဲ့ ငါ့သားကြီးကတော့ အရာထမ်းဖြစ်ရမယ်ဟေ့..."

ထိုသို့ ကြိမ်းဝါးခဲ့သော ကျွန်တော့်မျှော်လင့်ချက်ကို သားကြီးက ခါးခါးသီးသီးရိုက်ချိုးခဲ့၏။

သားကြီးက ကျားကြီးခြေရာကြီးပင်။ သူ့ဝင်ငွေနှင့်မမျှအောင်ပင် မော်ချင်ကြွားချင် ဝတ်ချင်စားချင်။ ရိုးရိုးကျင့်မြင့်မြင့်ကြံ အနေကုပ်ကာ စည်းစနစ်နှင့်နေထိုင်တတ်သည့် ဝန်ထမ်းကျွန်တော့်ကို မထီမဲ့မြင်သာ။ ယခုတော့လည်း သားကြီးမှာ သနားစရာ။ သူ့ကုမ္ပဏီရပ်နားလိုက်၍ သူငယ်ချင်းများထံသွားကာ ကျောက်သွေးကျောက်ဖြတ်အလုပ်များ လုပ်နေရ၏။ ကြီးမြင့်လာသည့် ကုန်ဈေးနှုန်းနှင့် အလုပ်အကိုင်ရှားပါးလာသည့် ပြဿနာကို အလူးအလဲရင်ဆိုင်နေကြရပြီ။

(၂)

တစ်မနက်ခင်းလုံး စိတ်ကိုတင်းနေခဲ့သော်လည်း နေ့ခင်းအချိန်မှာတော့ ကျွန်တော့်စိတ်အလိုမကျခြင်းက ဆိုးရွားလာ၏။ ခေါင်းကိုက်လာသည်မှာ တဆစ်ဆစ်။ လက်ထဲ၌ ကီးပက်ဖုန်းလေးကိုကိုင်ထားပြီးညီဝမ်းကွဲတော်စပ်သူ မောင်ကို့ဆီကို ဖုန်းဆက်ရကောင်းနိုးနိုး။ တောင်းဆိုချင်သည့်အတွေးကိုမရှိမာနက ဆန့်ကျင်လိုက်၍ ဖုန်းကိုအသာပြန်ချထားလိုက်၏။ စွဲလမ်းခြင်း၏ဥပါဒါန် တဏှာရသာ၏ တပ်မက်မှု။

"ဟူး...."

ပျို့တက်လာသည့် ခံတွင်းချဉ်ချဉ်ကို သက်ပြင်းမောနှင့် မှုတ်ထုတ်မိ၏။

"ဒီလတော့ အဖေရတာလေး ကျွန်မကို အကုန်ပေးပါ။ အားလဲနာပါတယ် အဖေရယ်။ အဖေ့သားကြီးကိုတော့ ပြန်မပြောပါနဲ့"

ခေါင်းမညိတ် ခေါင်းမခါဘဲ ကလေးသုံးယောက်လူကြီးသုံးယောက်၏မိသားစု စားရေးသောက်ရေး အခြေအနေအရပ်ရပ်ကို ကျွန်တော်နားလည်ခဲ့ပါသည်။

"ထမင်းစားမှ ဗိုက်ဝမှာလေ အဖေရဲ့။ တခြားအာရုံတွေကိုဖြတ်နိုင်ရမယ်။ ဆန်တစ်အိတ်ကလည်း တစ်သိန်းကျော်နေပြီ။ ဆီဖိုး၊ ဈေးဖိုး၊ ရေဖိုး၊ မီတာခ...အို...တွက်ပြရရင် သွေးတက်ချင်တယ် အဖေရေ..."

တွက်မပြပါနဲ့ သမီးရယ်ဟုလည်း ကျွန်တော်ပြန်မပြောမိ။ ထားရစ်ခဲ့သူဇနီးသည်ကတော့ ကျပ်တည်းမှုတွေကို သိမသွားရှာ။

"မောင်ကြီး အကြိုက်လေးတော့ အစ်မက မတားပါဘူးဟယ်။ အာသီသရှိတာလုပ်ပါ။ အစ်မကျန်တာ ချွေတာပါ့မယ်"

ကျွန်တော့်ထက် အသက်ငါးနှစ်ကြီးသည့် ဇနီးသည်ကို ကျွန်တော်က တန်ဖိုးထားခဲ့သလို သူကလည်း ကျွန်တော့်ကို အလိုက်သိလွန်းသည်။ "စီးတဲ့ရေ ဆယ်တဲ့ကန်သင်း" ဆိုသလိုပင် ကျွန်တော့်လစာ စီးဆင်းမှုကို သူဆယ်ကားဆယ်ခဲ့ပါ၏။ သားနှစ်ဦးအတွက်ကော လောက်ငအောင်စီမံပေးတတ်ခဲ့သည်။ ကျွန်တော်တို့မိသားစု၏ ပဲ့ကိုင်ရှင်မကြီးက သားကြီး မိန်းမတောင်းရေးကိုပင် ကျွန်တော့်ကို စိတ်မညစ်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့၏။ ထိုစဉ်က ကျွန်တော်ပင်စင်ယူခါနီး နှစ်နှစ်အလိုဖြစ်၏။ သားကြီး မင်္ဂလာပွဲပြီးမှ သိရသည်မှာ ကျွန်တော်ပင်စင်ထိုင်လျှင်ရမည့် လုပ်သက်ဆုငွေများကို မင်္ဂလာစရိတ်အဖြစ် ကြိုတင်ပေးသူထံမှ ယူသုံးပစ်လိုက်ခြင်းပင်။ မိဘဝတ္တရားဖြစ်၍ ကျွန်တော်မည်သို့မှ မပြောတတ်ခဲ့ပါ။ သားငယ်က ငွေအနည်းငယ်ပို့သည်ကို လက်ခံရရှိတော့ ပီတိဖြစ်၍မဆုံး။ နောက်ပိုင်းတွင် သားငယ်နှင့် အဆက်အသွယ်မရတော့ပါ။ သေသည် ရှင်သည်ကိုပင်မသိရ။ သားငယ်ကို စိတ်ပူခြင်းများစွာနှင့် ဇနီးသည်ကျန်းမာရေးချို့ယွင်းလာ၏။

သားကြီးက အိမ်ထောင်ကျပြီး ကျွန်တော့်လုပ်သက်အရ ရရှိခဲ့သော မြေကွက်လေးတွင် သူ့ကုမ္ပဏီမှ ချေးငွေယူကာ အိမ်သေးသေးလေးဆောက်ပြီး နေထိုင်ကြသည်။

ကျွန်တော် ပင်စင်ထိုင်ပြီးနောက် ဝန်ထမ်းအိမ်ရာကို ပြန်လည်အပ်နှံပြီး ဇနီးမောင်နှံတို့ သားကြီးတို့နှင့်အတူ နေထိုင်ခဲ့၏။ ထိုစဉ်ကတော့ မြေးကလေးများနှင့် ပျော်စရာကောင်းခဲ့သည်မှာ သိပ်မကြာ။ ဇနီးသည်မှာ ကင်ဆာရောဂါဖြစ်ပြီး ဆုံးပါးခဲ့သည်။ အို...ဖော်မရှိတော့သည့်နောက်မှာတော့ ကျွန်တော်စိတ်အားငယ်မိသည်။

လစဉ်ပင်စင်လစာသွားထုတ်ရမည့်နေ့ကိုသာ စိတ်စောပြီးမျှော်နေတတ်၏။ ပင်စင်စားအဘိုးအိုတစ်သိုက် ပင်စင်လစာထုတ်ယူရန်ထိုင်စောင့်ကြရင်း ရှေးဟောင်းနှောင်းဖြစ်များပြောကျ၊ ရယ်ကျ။ သားသမီးအကြောင်းများပြောကျနှင့် ...။

(၃)

ကျွန်တော့် ပင်စင်လစာကို သားကြီးကုမ္ပဏီအလုပ် မနားရခင်အထိတော့ ချွေးမက တောင်းမသုံးပါ။ ကျွန်တော်ကသာ အလိုက်တသိနှင့် တစ်ဝက်ပေးခဲ့သည်။ ကျန်တစ်ဝက်က ကျွန်တော့်နေ့စဉ်အသုံး။

"ဘိုးကြီး...အမင်းချားလို့ရပြီတဲ့"

ဖိုးသဲလေးလာခေါ်မှ ကျွန်တော် ထမင်းစားရန် သတိရ၏။ ဝမ်းထဲ၌ ဆာလောင်နေသည်မှာ ထမင်းမဟုတ်။ မစားလို့ကလည်းမဖြစ်ပါ။ ခန္ဓာအလိုကို လိုက်ရပေဦးမည်။ ထမင်းဝိုင်းတွင် စိတ်မပါစွာစားနေသော ကျွန်တော့်ကို ချွေးမက သတိထားမိဟန်မတူ။

"ဘိုးကြီး...သားကို တစ်ထောင့်ငါးရာလောက်ပေးပါ။ ဆရာမအတွက် ကျဆိမ့်ပါဆယ်ဝယ်သွားချင်လို့။ သားမြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲဆုရလို့လေ"

"ဟေ..."

မြေးကြီး၏စကားကြောင့် ကျွန်တော့်အကြည့်ကချွေးမထံသို့သာ။ အလုပ်အချိန်မီပြန်သွားရရေးအတွက် ထမင်းကိုသာ အမြန်စားနေသည့် သားကြီးက ဘာမှ မပြော။

"ဟဲ့...ထမင်းပြီးအောင် စားစမ်း။ ဘိုးကြီးကို နားပူမနေနဲ့"

ကျွန်တော့် ရင်ထဲတွင် မွန်းကျပ်လာမိ၏။ အရင်လများကဆိုလျှင် မြေးလေးတွေကို မုန့်ဖိုးပေးနိုင်ပြီး ကျွန်တော့်ဆန္ဒလည်း ဖြည့်နိုင်သည်။ ယခုလမှာတော့ ချွေးမ လက်ထဲ အကုန်မှ အကုန်။

"ဟူး..."

မသိမသာ သက်ပြင်းချသံက ကျယ်သွားသည်လားမဆိုနိုင်။

"အဖေ...ထမင်းစားမကောင်းဘူးလား။ အဖေ ဘာဟင်းများစားချင်လဲ။ စားချင်တာ အဖေ့ချွေးမကို ပြောနော်"

ဘာဟင်းစားချင်သည်ဟု ကျွန်တော့်ဆန္ဒမရှိ။ သားကြီး၏စေတနာစကားကို ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ထမင်းစားပြီး တစ်မျိုးလိုနေသည့် ခံစားချက်က နှိပ်စက်လွန်း၏။ စားပွဲပေါ်မှ စတီးခွက်ဘူးအသေးလေးက ယနေ့မှစ၍ အသက်မဲ့ချေပြီ။ ယခင်ရက်များက မနက်လင်းသည်နှင့် ခွက်ဘူးလေးအပြည့်။ တစ်နေကုန် တစိမ့်စိမ့်ငုံရသည့် အရသာ။ ကိုယ့်ကိုယ်ကိုယ် အာရုံကိုဖြတ်နိုင်ရမည်ဟု အတန်တန် သတိကပ်နေသော်လည်း မအောင်မြင်နိုင်။

"အစ်မရာ... တကယ်လို့များ မောင်ကြီးသေရတော့မယ်ဆိုရင်တောင် ပါဆယ်ဝယ်ပြီးတိုက်နော်"

"အေးပါကွယ်...ခုကော ပါဆယ် ပြေးဝယ်ပေးရမလား။ မနက်ကဝယ်ထားတာကုန်ပြီလား"

ကျွန်တော် အပြင်းအထန်ဖျားပြီး အိပ်ရာမှမထနိုင်စဉ်က ချစ်ဇနီးနှင့် ပြောခဲ့သောစကားများကို သတိရလွမ်းဆွတ်နေမိသည်။ အိပ်ရာထက်တွင် အသာလှဲအိပ်နေရင်း အလိုမကျသည့်စိတ်က တောင်စဉ်ရေမရ အတွေးများလျက်။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားက ဘဝတစ်ခုမှာ တစိုက်မတ်မတ်စွဲလမ်းနှစ်သက်ခဲ့သည့် ရသာအာရုံကို ဖြတ်တောက်ရခြင်းကနာကျင်ဝမ်းနည်းစရာ။ သည်ဝေဒနာကို ဘယ်လိုကျော်လွှားရမည်ကို အဖြေရှာနေရင်း ရှင်သန်ရမည့် မနက်ဖြန်တိုင်းကို ကျော်ဖြတ်ရမှာ ခက်ခဲမည်ထင်၏။

"ဒါန သီလ ဘာဝနာကို ပါဆယ်ထုပ်ပြီးသယ်ပိုးသွားမှ သံသရာဘဝအဆက်ဆက် အေးချမ်းစေမယ် ဒါယကာ ဒါယိကာမတို့။ ကုသိုလ်ပါရမီအဟုန်ကို များများသာ ပါဆယ်ထုပ်ကြပါ။ ဒါမှ သံသရာအရေး စိတ်အေးကြရမယ်"

ဆရာတော်၏ ဆုံးမမိန့်ကြားချက်များကိုလည်း ပြန်လည်ကြားယောင်နေပြန်သည်။

ဒါန သီလ ဘာဝနာကို များများပြုကျင့်ကာ သံသရာအတွက် ပါဆယ်ထုပ်သွားရေးထက် ကျွန်တော်တပ်မက် တောင့်တနေမိသော နေ့စဉ်မနက်ခင်းတိုင်း ပါဆယ်ဝယ်ကာ တစ်နေကုန် တစိမ့်စိမ့်သောက်နေကျ ကျကျဆိမ့်ဆိမ့် လက်ဖက်ရည်တစ်ခွက်၏အရသာကသာ အာရုံတွင် ရစ်ဝဲလျက်...။

"သြော်...ပါဆယ်...ပါဆယ်"

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## သီတင်းကျွတ်ပြီ

✻ သီတင်းကျွတ်လ၊ အချိန်ခါ
လမင်း ထိန်ထိန်ဝါ။
တာဝတိံသာ နတ်ပြည်မှ
မြတ်စွာဗုဒ္ဓ၊ လူ့ပြည်ကြွ။
✻ ရှိခိုးလိုက်ကြ၊ ညီညီညာ
မောင်တို့မယ်တို့ ယဉ်ကျေးစွာ။
ကျက်သရေဖြာ စိတ်ရွှင်လန်း
ရင်ထဲမှာ ငြိမ်းချမ်း။
✻ စီတန်းလိုက်ပါ၊ နတ်ပြဟ္မာ
စောင်းတန်းသုံးသွယ်ဖြာလို့ပါ။
ဆီမီးရောင်ဝါ အမှောင်ခွင်း
ဝါကျွတ်ပွဲတော်ခင်း။
✻ လမင်းသာတဲ့၊ လူ့ကမ္ဘာ
ကြာညိုရနံ့၊ သင်းထုံဖြာ၊
နက္ခတ်စုံစွာ၊ ကြယ်ခပင်း
ဆယ်ဆသာလို့လင်း။ ။

မိုးမြေသစ္စာ

## ဆောင်းဦးနိဒါန်း

✻ ဆောင်းလေပြည် ကသုတ်ကရက်
ရုတ်တရက် သူဝင်လာ။
မိုးဝသန် ရှောင်ကွင်းလို့
လေညင်းဘယ်ညာ။
ငွေနှင်းတို့ မှုန်ရီကာ
ဝသုန်မြေလွှာ ချမ်းမြမြ။
တဖြောက်ဖြောက်ကယ် နှင်းပုလဲ
ကြဲဖြန့်ကြွေကျ။
✻ ဟေမန်ရာသီ ဝင်ကာစ
မြင်လာရ ပန်းရောင်စုံ။
ဆောင်းဘုရင် သဇင်ပန်း
လန်းဆန်းမွှေးထုံ။
သစ်ခွပန်း အသွေးရောင်စုံ
ပွင့်လှာငုံ ရာသီပန်း။
တောမြိုင်ယံ စိမ်းမြမြ
ယိမ်းကသွင်ဆန်း။
✻ အချိန်ရာသီ ဒါနပန်း
အလှူတန်း ပေးလှူကာ။
မီးရောင်စုံ ထွန်းညှိကြ
လှပရောင်ဖြာ။
ဗုဒ္ဓရှင်အား ရည်စူးကာ
မြတ်သဒ္ဓါ ဒါနပန်း။
ဟေမန်ခါ အသွင်ထူးတယ်
ဆောင်းဦးနိဒါန်း။ ။

ပန်းမာလာ

## မေတ္တာလွှမ်းခြုံ လှုရိပ်မြုံ

✻ လူ့ဘဝ လောကီဘောင်
စိတ်အမှောင် ဖြိုကာဖျက်။
အကြင်နာ နှလုံးသားဖြင့်
ကြိုးစားရှေ့ဆက်။
✻ မေတ္တာကို လွှမ်းခြုံလျက်
ပွေ့ဖက်လို့ ဆီးကြိုပါ
မိတ်ဆွေပမာ။
လူလူချင်း ကိုယ်ချင်းစာ
စေတနာ အမြဲထား။
မုဒိတာ စိတ်အလှကို
မွေးကြစို့လား။
✻ ရိုင်းပင်းကာ ကူညီသွား
အများအကျိုး သယ်ပိုးလျှင်။
ကမ္ဘာမြေ တစ်ခုလုံး
အပြုံးရိပ်ဆင်။
လူတိုင်းက ဝိုင်းချစ်ခင်
ဇမ္ဗူတွင် သတင်းမွှေး။
အလှပေါ် အယဉ်ဆင့်လို့
ဂုဏ်တင့်မယ်လေး။ ။

မောင်လူစိုး

ဆောင်းပါး

# အနာဂတ်၏ ပွဲကိုင်ရှင်များသို့

■ **ခင်မောင်မြင့်**

(၁)

"ပညာသဘာ အာဘာနတ္ထိ" ဆိုသည့် စကားအတိုင်း ပညာနှင့်တူသော အလင်းရောင်ဟူသည် လောက၌ မရှိပါ။ ထိုကဲ့သို့ပင် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အညွန်းကိန်းသည်လည်း ထိုတိုင်းပြည်၏ ပညာရည်အဆင့်အတန်းဖြင့် ဖော်ပြနိုင်ပါ၏။ လူ့ဘောင်လောကအတွက် အဓိကကျလှပါသောပညာရေးကို ဆရာတွေသာလျှင် လှုပ်ကိုင်နိုင်စွမ်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အသိပညာပဲဖြစ်စေ၊ အတတ်ပညာပဲဖြစ်စေ ဆရာသင်ပြမှု မရှိဘဲ တတ်သည်ဟူ၍ မရှိသောကြောင့်ပင်ဖြစ်ပါ၏။

"ဆရာသည်သာ အခရာ" ဆိုသည့် စကားအတိုင်း ပညာသင်ကြားပို့ချပေးနေသည့် ဆရာများသည် ဆရာ့ဂုဏ်အင်များအပြင် အသိပညာ၊ အတတ်ပညာများ ကုံလုံပြည့်စုံနေဖို့လိုအပ်ပေသည်။ "No man is perfect"ဆိုသည့် စကားလုံးနှင့် ကျွန်တော်တို့ဆရာများ ဆင်ခြေပေး၍ မရပေ။ အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည်ထက်ကြွယ်ဝအောင် အစဉ်တစိုက် လေ့လာသင်ယူနေရမည်ဖြစ်ပါသည်။ သို့မှသာ မိမိတပည့်များကို ဆရာ့ဝတ္တရားငါးပါးနှင့်အညီ ပွဲပြင်ဆုံးမနိုင်ပြီး သင့်တော်သည့်နေရာကို ပို့ဆောင်ပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ ဆရာသည် တပည့်များအတွက် အဖြေလွှာများ စုပေါင်းထည့်ထားသည့် အထူးထုတ်စာအုပ်သဖွယ် တပည့်များသိချင်သည်ကို ယုံကြည်အားကိုးစွာ လွယ်လင့်တကူ မေးမြန်းနိုင်သည့် စံပြလူတစ်ယောက် ဖြစ်နေရမည်ဖြစ်ပါသည်။

(၂)

ကျွန်တော်တို့ ကျောင်းသားဘဝက ပညာရေးစနစ်သည် ကြက်တူရွေးနှုတ်တိုက်ပညာရေးစနစ်ဖြစ်သည်။ မှတ်ဉာဏ်အကောင်းဆုံးနှင့် အကျက်နိုင်ဆုံး ကျောင်းသားများသာလျှင် ထူးချွန်သည်ဟုဆိုရသည့် အနေထားဖြစ်ပါသည်။ စာပိုဒ်ကြီးများကို အလွတ်ကျက်မှတ်ရပြီး '၏၊ သည်' မရွေး ပြန်ရေးချနိုင်သူသာလျှင် စာမေးပွဲမှာ အမှတ်ကောင်းကောင်းရသည်။ ထိုကဲ့သို့အမှတ်ကောင်းကောင်းရသူသာလျှင် တက္ကသိုလ်ကောင်းကောင်းတက်ရ၏။ ဘောင်ထဲရောက်နေသည့် ပညာရေးစနစ်ကြောင့် ကျောင်းသားများအနေဖြင့် အတွေးအခေါ်တွေ ခြေဆန့်ခွင့်မရကြတော့ပေ။ ထို့ကြောင့် ကျောင်းသားများသည် မိမိကိုယ်ကိုယ်မိမိ ယုံကြည်မှုအားနည်းလာပြီး ပညာတတ်ဘွဲ့ရသွားသည့်တိုင်အောင် လောကကြီးထဲကို ခြေမချဝံ့ခဲ့ကြပေ။ ဆရာများသည်လည်း ကျောင်းအောင်ချက်မြင့်မားရေး၊ မိမိကျောင်းသားအမှတ်ကောင်းကောင်းရရေးအတွက် လုံးပန်းကာ သင်ကြားနေရသည့်အတွက် ပညာ၏အနှစ်သာရကိုကား တပည့်များကို ဝေမျှချိန်မရခဲ့ပေ။

ဆရာကိုယ်တိုင်သည်လည်း မေးခွန်းဟောင်းစာအုပ်တွေကို လှန်ကြည့်ပြီး မေးနိုင်ချေရှိသည်ကို မှန်းဆအဖြေထုတ်နေရင်းနှင့်ပင် အချိန်တွေကုန်ခဲ့လေသည်။ သည်အတွက်ကြောင့် ဆရာများသည် ပြင်ပစာပေများနှင့် အဆက်အသွယ်ပြတ်နေ၏။ ပြင်ပစာပေ အဆက်အသွယ်ပြတ်မှုကြောင့် ဆရာများသည် စာတစ်ပုဒ်၏ ဆိုလိုရင်း ရသ၊ သုတတွေကို ခွဲခြားပြီး မိမိတပည့်များ ခေါင်းထဲသို့ မထည့်ပေးနိုင်တော့ချေ။

(၃)

ယနေ့ခေတ် (၂၁)ရာစု ပညာရေးစနစ်သည် သစ်လွင်သည့် ပြောင်းလဲမှုများနှင့် အရှိန်အဟုန်မြင့်မားစွာ ရွေ့လျားနေပါ၏။ ထိုကဲ့သို့ စနစ်သစ်၏ ရွေ့လျားမှုကို ပွဲထိန်းချုပ်ကိုင်ရမည့်သူများမှာ ဆရာများသာ ဖြစ်ပါသည်။ ဆရာများသည် စနစ်နှင့်အတူ လိုက်ပါစီးမျောနိုင်ဖို့လိုအပ်ပါသည်။ သို့ဆိုလျှင် ဆရာများ စာဖတ်ဖို့လိုအပ်ပါသည်။ ထို့အပြင် ဆရာများသည် နည်းပညာများနှင့်လည်း အဆက်အသွယ်ရှိနေသင့်ပါ၏။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်သည် ကွန်ပျူတာစနစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သောကြောင့်ဖြစ်ပါ၏။ ပစ္စည်းကိရိယာများကလည်း ဆန်းသစ်ပြီး အရေးပါလာသလို ထိုပစ္စည်းများကို ကိုင်တွယ်အသုံးပြုသည့်နည်းလမ်းများကလည်း ထွေပြားဆန်းပြားလှသည်။ သည်အတွက်ကြောင့် ဆရာများသည် စာသင်တတ်ရုံမျှဖြင့် မလုံလောက်တော့ပေ။ မိမိတပည့်များကို ခေတ်နှင့်တစ်ပြေးညီ ရင်ပေါင်တန်းနိုင်အောင် ဆရာကိုယ်တိုင်က နည်းပညာများနှင့်မကင်းကွာအောင်နေထိုင်ပြီး လေ့လာလိုက်စားသင့်ပေသည်။ ပြင်ပစာပေများကို ဖတ်ရှုပြီး နူးညံ့ညင်သာသည့် နည်းဗျူဟာများကိုသုံးကာ မိမိတပည့်များ၏စိတ်ကို အကောင်းဘက်သို့ ညွတ်နူးအောင် ဆွဲဆောင်ရပေမည်။ သို့မှသာ မိမိတပည့်များသည် အတွေးအခေါ်မြင့်မားပြီး ဘက်စုံထူးချွန်သည့် လူတော်လူကောင်းလေးတွေ ဖြစ်လာမည်ဖြစ်ပါသည်။

(၄)

ယခင်က ပညာရေးစနစ်သည် ဆရာဗဟိုပြု ပညာရေးစနစ်ဖြစ်ပြီး ဆရာက ရှေ့ဆောင်ပြီး သင်ကြားပြသရသောစနစ်တစ်ခုဖြစ်ပါ၏။ ယနေ့ခေတ် ပညာရေးစနစ်သည် နိုင်ငံတကာ စံနှုန်းစံညွှန်းနှင့်ညီမျှသော ကလေးဗဟိုပြု ပညာရေးစနစ်တစ်ခုဖြစ်ပါသည်။ သို့ပါသောကြောင့် ကလေးများ၏ အတွေးများကို ခြေဆန့်နိုင်အောင် ဆရာက ဦးဆောင်ပေးရပေမည်။ ထိုကဲ့သို့ ကလေးဗဟိုပြု ပညာရေးစနစ်ဖြစ်သည့်အတွက်ကြောင့် ကလေးများ၏ တောင်းဆိုဝေဖန် မေးမြန်းမှုများကို ဆရာက လက်ခံပြီး အကျိုးအကြောင်းဆီလျော်စွာ ပြုပြင်တည့်မတ်ပေးရမည်ဖြစ်ပါ၏။ ဆရာကိုယ်တိုင်က ပြင်ပစာပေများကို မဖတ်ဘဲနေပါက ကလေးများ၏ သိချင်သောအဖြေများ၊ ကလေးများအတွက် ကောင်းမွန်သောလမ်းညွှန်ချက်များကို ဆရာများအနေဖြင့် ဖော်ဆောင်ပေးနိုင်မည် မဟုတ်ပေ။

သည်အတွက်ကြောင့် ဆရာများသည် ကလေးများ ပေါင်းသင်းဆက်ဆံရေးကောင်းဖို့အတွက် ဦးနု၏ မိတ္တဗလဋ္ဌီကာ စာအုပ်ကိုဖတ်ကာ လမ်းညွှန်ပြသရပေမည်။ ထိုကဲ့သို့ပင် ဒေးကာနယ်ဂျီ၏ ထိရောက်သော စကားပြောဆိုနည်းစာအုပ်ကိုဖတ်ပြီး မိမိတပည့်များကို စကားအရာမှာ လိမ္မာပါးနပ်သည့် ကလေးများဖြစ်လာအောင် စည်းရုံးသိမ်းသွင်းသင့်ပေသည်။ သို့မှသာ ယနေ့ခေတ်ပညာရေးစနစ်တွင်ပါဝင်လာသော ဗလငါးတန်ကို ကလေးများ ကောင်းမွန်စွာ တတ်မြောက်နိုင်မည်ဖြစ်ပြီး လူတော်လူကောင်းလေးများဖြစ်လာမည် ဖြစ်ပါသည်။ ဆရာကိုယ်တိုင်က စာအုပ်စာပေများကို လေ့လာလိုက်စားခြင်းမရှိပါက မိမိတပည့်များထဲမှ ဆရာထက်တော်သည့် တပည့်များ ပေါ်လာတော့မည်မဟုတ်ပေ။

(၅)

ယနေ့ခေတ် ပညာရေးစနစ်သည် စာအုပ်ပါ အကြောင်းအရာများကို အလွတ်ကျက်မှတ် သင်ကြားနည်းမှ အတွေးအခေါ်ထက်မြက်စေသည့် သင်ကြားနည်းသို့ ဦးတည်ရွေ့လျားနေခြင်းဖြစ်ပါ၏။ ထို့ကြောင့် ကလေးများ၏ ဆန်းကြယ်သည့် အတွေးများကို ဆရာက နှိုးဆွပေးနိုင်ရမည်ဖြစ်ပါသည်။ မိမိအတန်းထဲကစ၍ မိမိနိုင်ငံတော်အထိ ဖြန့်ကြက်တွေးခေါ်နိုင်အောင်လည်း ဆရာတွေက လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ အတွေးအခေါ်မြင့်မားသည့် တိုင်းပြည်အတွက် အနာဂတ်ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါ၏။ ထို့ကြောင့် ဆရာများအနေဖြင့် ဆရာလမ်းညွှန် စာအုပ်တစ်ခုတည်းကို ကျွမ်းကျင်ပိုင်နိုင်နေရုံမျှဖြင့် ကျေနပ်နေ၍ မရတော့ပေ။ ကလေးများ၏ အတွေးအခေါ်များ ခြေဆန့်နိုင်အောင်ပြင်ပဗဟုသုတကမ္ဘာထဲကို ဆွဲခေါ်ရပေမည်။ သို့ဆိုလျှင် ဆရာများသည် ပြင်ပစာပေလောကကို မျက်ခြည်မပြတ် လေ့လာနေရပေမည်။ သို့မှသာ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများနှင့် ဆက်စပ်သည့် ပြင်ပသာဓကများကို ကလေးများ လွယ်လင့်တကူလက်ခံနိုင်အောင် ဆရာက ချပြနိုင်မည်ဖြစ်ပါသည်။

ကလေးများသည်လည်း ဆရာပြောသည့် သာဓကများကို လေ့လာမှတ်သားလိုက်ရသည့်အတွက် သူတို့ကိုယ်တိုင် ကျောင်းအပြင်ဘက်ထွက်ပြီး သွားကြည့်လိုက်ရသလို ထင်သာမြင်သာရှိပြီး ဗဟုသုတတိုးပွားမည်မှာ အမှန်ပင်ဖြစ်ပါလေသည်။ ကျောင်းအနေအရွယ် ကလေးများအဖို့ ကျောင်းနှင့်အိမ်အပြင် အခြားနေရာများကို ထိတွေ့ဖို့ ခက်ခဲပေမည်။ ထိုအခက်အခဲကို ဆရာတွေကသာလျှင် ဖြေရှင်းပေးနိုင်ပါသည်။ ဆရာ၏အတွေ့အကြုံဗဟုသုတများနှင့် ကလေးများကို ကျောင်းအပြင်လောကရှိ အခြေအနေများနှင့်ချိတ်ဆက်ပေးရမည်ဖြစ်ပါ၏။ သို့မှသာ ကလေးများသည် ကျောင်းစာအပြင် ပြင်ပအခြေအနေများကို ရိပ်စားမိလာပြီး ပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျ သွားလာနေထိုင်တတ်လာမည် ဖြစ်ပါလေသည်။

(၆)

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် စကားကို သတိချပ်ပြီး ဆရာများသည် မိမိထက်တော်တတ်ကောင်းမွန်သည့် လူငယ်များကို မွေးထုတ်ပေးရပေမည်။ သည်အတွက်ကြောင့် နုနယ်ပျိုမျစ်သေးသည့် ကလေးအရွယ်ကတည်းက မြင့်မားသည့်အတွေးအခေါ်များ၊ ကျယ်ပြောသည့် အမြင်များရှိအောင် ဆရာများက ကလေးများခေါင်းထဲကို ထည့်ပေးလိုက်ရမည်ဖြစ်ပါသည်။ ကလေးများကို လွတ်လပ်စွာမေးမြန်းပြောဆိုခွင့်ပြုထားပြီး မိမိသိသလောက်ကို ကလေးများနားလည်အောင် ဝေမျှပေးရမည်ဖြစ်ပါသည်။ မိမိ မသိသည်များကိုလည်း မသိကြောင်း ဝန်ခံပြီး သိအောင်လေ့လာပြီးမှ ပြန်ပြောပြမည်ဟု ကလေးများကို နှစ်သိမ့်စကားဆိုရပေမည်။ ထိုကဲ့သို့ ကလေးများအပေါ် မလိမ်မညာဘဲ ဆက်ဆံမှသာလျှင် မုသားမဆိုတတ်သည့် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ လက်ရှိအနေထားတွင် မိမိသည် ကလေးများ၏ ဆရာဖြစ်သော်လည်း နောင်တစ်ချိန်တွင် ထိုကလေးများသည် မိမိလေးစားကြည်ညိုရမည့် ပုဂ္ဂိုလ်များ ဖြစ်လာနိုင်ကြောင်းကို သတိချပ်ပြီး အပြန်အလှန်လေးစားမှုပြုကာ ပညာသင်ကြားပေးရမည်ဖြစ်ပါသည်။ ဆရာထက် တပည့်တော်တတ်စေရန်အလို့ငှာ ဆရာများအနေဖြင့် မိမိတာဝန်ယူထားသည့် သင်ကြားရေးအပိုင်းကို ပိုင်နိုင်ရုံမျှဖြင့် ကျေနပ်မနေဘဲ ကလေးများကို ကောင်းမွန်သည့်လမ်းညွှန်ချက်များပေးနိုင်အောင် ပြင်ပစာပေကို အလေးထားလိုက်စားသင့်ပေသည်။ သို့မှသာ ဆရာထက်သာသည့် တပည့်များကို မွေးထုတ်နိုင်မည်ဖြစ်ပြီး ပညာရေးဖြင့် ဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်တစ်ခုကို တည်ဆောက်နိုင်လိမ့်မည် ဖြစ်ပါလေသည်။ ။



✻ ကျောဖုံးမှ

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ **(ယာပုံ)**ဆင်အဖွဲ့များက အောင်စေပိုင်စေသီချင်းဖြင့် သီဆိုကပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အမှတ်တရလက်ဆောင်များပေးအပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ဧည့်ခံဆင်အဖွဲ့မှ ဆင်အကအလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ဆင်အဖွဲ့များက မြန်မာပြည်သား သီချင်းဖြင့်သီဆိုမှုများကို ကြည့်ရှုအားပေးနှုတ်ဆက်ခဲ့ကြသည်။

ကျောက်ဆည်မြို့ဆင်ပွဲတော်သည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းသည် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ကျောက်ဆည်မြို့ ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်းကန်ချောင်းတို့ကို တည်ဆောက်ဆည်ဖို့တော်မူခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက် စွယ်တော်ပွားကို ရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူတော်)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြု စေလွှတ်တော်မူခဲ့ရာ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ သာလျောင်းတောင်ထိပ်သို့ တက်ကြောင်း၊ တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ သံရွာနယ်တောင်တော် တောင်ထက်တက်၍ ခေတ္တရပ်ပြီး ထိုမှ ခရွေတောင်သို့တက်၍ ဝပ်လေကြောင်း၊ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် သာလျောင်းတောင်ထိပ်နှင့် ခရွေတောင်ထိပ်တို့တွင် တစ်ပြိုင်တည်း စေတီတစ်ဆူစီကို တည်တော်မူပြီး သာလျောင်းတောင်ထိပ်တည်သော စေတီကို ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် ရွှေသာလျောင်းစေတီတွင် သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူတော်)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော် အမျှပေးဝေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်းကြီးလက်ထက်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်း ၉၀၀ ကျော် နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ကြောင်း၊ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက် ရိုးရာပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အက အလှပြိုင်ပွဲကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင်လှူဒါန်းပွဲအား နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုမှ မြို့နယ်ပေါင်း ၂၁၄ မြို့နယ်တွင် ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

သား၊ ငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်စေရန်အတွက် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ဆက်စပ်ဌာနများမှ ကော်မတီဝင်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ၂၀၁၈ ခုနှစ် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း (National Livestock Baseline Survey)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနအသီးသီး၏ ပူးပေါင်းမှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် ပြောင်းလဲနေသည့် မွေးမြူရေး တိရစ္ဆာန်ကောင်ရေများကို မှန်းဆနိုင်ရန် နှစ်စဉ်ကြားဖြတ်ကောင်ရေစာရင်းများကို ကောက်ယူခဲ့ပြီး ယခုနှစ်တွင် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ဒုတိယအကြိမ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုမှ မြို့နယ်ပေါင်း ၂၁၄ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာရင်းကောက်ကာလကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် လုပ်ငန်းစီမံချက် ရေးဆွဲထားရှိပြီး ဗဟိုအဆင့်ကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိပြီးဖြစ်၍ လုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပထမအကြိမ်အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးညှိနှိုင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်(၇၀)နှင့်အထက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း၊ အတွင်းရေးမှူးဟောင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းနှင့် ဒိုင်လူကြီးဟောင်း စုစုပေါင်း ၁၂၀ အား ဂါရဝပြုကန်တော့

**ရန်ကုန် အောက်တိုဘာ ၂၈**

အသက်(၇၀)နှင့်အထက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းများ၊ အတွင်းရေးမှူးဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းကြီးများ၊ ဒိုင်လူကြီးဟောင်းများအား ဂါရဝပြုကန်တော့ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက နိုဗိုတယ်ရန်ကုန်မက်စ်တွင် ကျင်းပသည်။



**ဩဝါဒစကား ပြောကြား**

အခမ်းအနားတွင် ကန်တော့ခံပုဂ္ဂိုလ်ကြီးများကိုယ်စား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးဝင်းအောင်(မြန်မာ့လက်ရွေးစင်ဟောင်း)နှင့် အတွင်းရေးမှူးဟောင်း ဦးတင်အောင်(ဂိုး)တို့က ဆုံးမဩဝါဒစကား ပြောကြားခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ကန်တော့ခံပုဂ္ဂိုလ် စုစုပေါင်း ၁၂၀ အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့်၊ ဆေးဝါးများ၊ မြန်မာ့လက်ရွေးစင်အသင်းဂျာစီများ၊ အဝတ်အထည်များဖြင့် ဝါကျွတ်ဂါရဝပြု ကန်တော့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာ့ဘောလုံးလောကတွင် ကျရာတာဝန်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အသက်အရွယ် ရရှိလာပြီဖြစ်သည့် ဥက္ကဋ္ဌဟောင်းများ၊ အတွင်းရေးမှူးဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းကြီးများ၊ နည်းပြဟောင်းကြီးများနှင့် ဒိုင်လူကြီးဟောင်းများအားလုံးပါဝင်သည့် လူမှုရေးအသင်းတစ်ရပ်ထူထောင်၍ သက်ကြီးပုဂ္ဂိုလ်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်နိုင်ရန်အတွက် ကျပ်သိန်း ၂၀၀ အား ကနဦး မတည်လှူဒါန်းခဲ့သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

■ **MNL ပြိုင်ပွဲမှ**

ထိပ်တိုက်တွေ့ဆုံရာတွင် သရေကျခဲ့ခြင်းကို ဟံသာဝတီအသင်းက အခွင့်ကောင်းယူနိုင်ခဲ့ပြီး ရာသီကုန်တွင် တတိယနေရာရယူနိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။ ရတနာပုံအသင်းမှာမူ အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအသင်းသည် ပြည့်ဖြိုးအောင်(ဂိုး)၊ ဇင်မင်းထွန်း၊ နေမိုးနိုင်၊ လားဒင်မောရ၊ အောင်မြတ်သူ၊ ဝင်းမိုးကျော်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းကလည်း ပြည့်ဖြိုးသူ(ဂိုး)၊ စွမ်းထက်၊ သက်ဟိန်းစိုး၊ မိုးဆွေတို့ဖြင့် လူစုံခဲ့သည်။ ခြေစွမ်းပိုင်းအရ မကွာသလို နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးပမ်းခဲ့သဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် ကွင်းလယ်ကစားသမား နေမိုးနိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် နေမိုးနိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ်ရရှိထားသည်။

ပွဲစဉ်(၁၈)စတုတ္ထနေ့အဖြစ် အောက်တိုဘာ ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာ ရှိစမြဲဖြစ်ပါတယ်။ ယဉ်ကျေးမှုဆိုတာဟာ လူသားမျိုးနွယ်စုတို့ မွေးဖွားတာကနေ သေဆုံးတဲ့အထိ ကာလစပ်ကြား၌ ရင်ဆိုင်တွေ့ကြုံရမှု၊ ထိတွေ့ဆက်ဆံရမှုတို့ကို ခေါ်ဆိုပါတယ်။ ဒါ့ပြင် လူမျိုးတို့ရဲ့ ဝိသေသလက္ခဏာတွေဖြစ်ပြီး နှစ်ပရိစ္ဆေဒများစွာကတည်းက တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ထွန်းလာခဲ့ကြပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနဲ့ ကမ္ဘာလောကကြီးရဲ့ ရွာကြီးသဖွယ်ဖြစ်စဉ် (Globalization)မှာ နိုင်ငံတော်ရဲ့ယဉ်ကျေးမှုဟာ ယိမ်းယိုင်သွားမယ်ဆိုရင် လူ့စွမ်းအားအရင်းအမြစ်လည်း ကျဆင်းသွားနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ သယံဇာတပေါကြွယ်ဝပြီး တိုးတက်စေကာမူ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုမရှိရင် လူမျိုးပါ ကွယ်ပျောက်သွားနိုင်ပါတယ်။ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာတွေ ခိုင်မာနေပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာကာ တိုးတက်ကြီးပွားတဲ့နိုင်ငံတစ်ခုအဖြစ်ကို ရောက်ရှိလာမှာပဲ ဖြစ်ပါတယ်။ ယဉ်ကျေးမှုကို တည်ဆောက်ရာမှာ သုခုမအနုပညာရပ်တွေဖြစ်တဲ့ အဆို၊ အက၊ အရေးနဲ့ အတီးတို့မှာ အခြေခံလိုအပ်ချက်တွေဖြစ်ပြီး ၎င်းတို့ကို ထိန်းသိမ်းရပါမယ်။ တိုးတက်အောင် ဆန်းသစ်တီထွင်ရပါမယ်။

လူသားတို့နှစ်သက်တဲ့ အနုပညာရပ်တွေမှာ သီဆိုမှုဆိုတာဟာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ရှေးခေတ်ကမ္ဘာမှာ လေပြည်လေညင်းသံ၊ စမ်းရေကျသံ၊ သစ်ခက်သစ်ရွက်တွေကို လေတိုးဝှေ့တဲ့အသံစတဲ့ ကြည်နူးစရာကောင်းတဲ့အသံ၊ မိုးထစ်ချုန်းသံ၊ လေပြင်းမုန်တိုင်းတိုက်ခတ်သံ၊ သားရဲတိရစ္ဆာန်တို့ အော်မြည်သံ၊ လှိုင်းတံပိုးသံ စတဲ့ ကြောက်ရွံ့ထိတ်လန့်ဖွယ်အသံတို့လည်း ရှိကြပါတယ်။ ဒါ့ပြင် လူသားတို့ဟာ ပျော်ရွှင်ဝမ်းသာဖွယ်ရာနဲ့ ကြုံတွေ့ရင် ရယ်မောတဲ့အသံ၊ ဝမ်းနည်းတာ၊ ကြောက်ရွံ့တာတို့နဲ့ကြုံရင် ငိုကြွေးတဲ့အသံဆိုပြီး ဖြစ်ပေါ်လာကြပါတယ်။ လူ့လောကသဘာဝအရ သာယာတဲ့အသံကို အလိုရှိကြရာ ၎င်းတို့ကိုပြောဆိုလာကြရာမှ သီဆိုမှုဆိုတာ စတင်ပေါ်ပေါက်လာပါတယ်။ ဒီသီဆိုမှုကို အချက်ပေးတဲ့အနေနဲ့ လက်ခုပ်တီးလက်ဝါးတီးတာ၊ ဖနောင့်ဆောင့်တာတို့ ပြုလုပ်ကြရာမှ ကခုန်ခြင်းဆိုတာ ပေါ်ပေါက်လာပါတယ်။ သီဆိုကခုန်မှုနဲ့အတူ သစ်တုံးကိုခေါက်တာ၊ ဝါးလုံးကိုခေါက်တာတို့မှ စတင်ကာ တူရိယာပစ္စည်းတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ မိမိတို့နှစ်သက်တဲ့အသံနဲ့ အကတို့ကို ထပ်တလဲလဲ ပြုလုပ်ကြပါတယ်။ လူနေမှုစနစ် တိုးတက်လာပြီး စကားလုံးအက္ခရာ ပေါ်ပေါက်လာတဲ့အခါ ဒါတွေကို မှတ်သားကြရာမှ အရေးအသားပညာ ပေါ်ပေါက်လာတယ်လို့ ယူဆရပါတယ်။



(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့က "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင်စဉ်။

## ပုဂံခေတ်မှာ အဆို၊ အက၊ အတီးပညာရပ်တွေ ပေါ်ပေါက်ခဲ့

ပြည်ထောင်စုမြန်မာနိုင်ငံဟာ အဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေ ထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သရေခေတ္တရာခေတ်မှာ တရုတ်နိုင်ငံကိုသွားရောက်တဲ့ ပျူယဉ်ကျေးမှုအဖွဲ့ဟာ ဘုရားဂုဏ်တော်ကို ချီးကျူးတဲ့ သီချင်း ၁၂ မျိုးကို သီဆိုကပြခဲ့ကြောင်းကို တရုတ်လူမျိုးတို့ရဲ့ မှတ်တမ်းတွေမှာ ဖော်ပြခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၅ ရာစုမှ ၁၁ ရာစုကာလအတွင်း မွန်တို့ဒေသ သထုံပြည်မှာ အဆို၊ အက၊ အတီးပညာရပ်တို့ ထွန်းကားခဲ့ကြောင်းကို စဉ့်ကွင်းလက်ရာတွေက တစ်ဆင့် သိရှိရပါတယ်။ ပုဂံခေတ်မှာ မြန်မာတစ်နိုင်ငံလုံး ပေါင်းစည်းနိုင်ခဲ့လို့ ပျူ၊ မွန်၊ မြန်မာယဉ်ကျေးမှုတွေ ထွန်းကားခဲ့ပါတယ်။ ရွှေစည်းခုံဘုရား တောင်ဘက်တန်ဆောင်းအတွင်းရှိ သစ်သားတံခါးရွက်ကြီးပေါ်မှာ တီးမှုတ်ကခုန်ဟန်ကို ထုလုပ်ထားပါတယ်။ ဝက်ကြီးအင်းဘုရားရှိ နံရံဆေးရေးပန်းချီမှာ စောင်း၊ ပုံတူရိယာပုံတွေကို ရေးဆွဲထားပါတယ်။ စိုးမင်းကြီးစေတီရဲ့ ပစ္စယံအဆင့်ဆင့်ရှိ စဥ့်ရည်သုတ်ရုပ်ချပ်တွေမှာ ကနေသူ၊ ပုံတီးနေသူပုံတွေ ထုလုပ်ထားပါတယ်။ ဒီအကြောင်းအရာတွေကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်မှာ အဆို၊ အက၊ အတီးပညာရပ်တွေ ပေါ်ပေါက်ခဲ့တယ်ဆိုတာကို သိရှိနိုင်ပါတယ်။

## အင်းဝခေတ်မှာ အနုပညာရပ်တွေ ပိုမိုတိုးတက်လာခဲ့

ပင်းယခေတ် သီဟသူမင်းလက်ထက်မှာ အဝတ်အစား၊ အပြုအမူ၊ အနေအထားတို့ကို "ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းအေး" အစရှိတဲ့ ကာချင်းကို ရေးသားခဲ့ပါတယ်။ အင်းဝခေတ်မှာ အနုပညာရပ်တွေ ပိုမိုတိုးတက်လာခဲ့ပြီး အဖွဲ့အနွဲ့၊ အရေးအသားမှာ ပထမမင်းခေါင်ကြီး၊ မိညို၊ တောင်ဖီလာဆရာတော်၊ လက်ဝဲသုန္ဒရအမတ်ကြီး၊ ဦးတိုး၊ ဦးလမ်း၊ ဆရာတော် ဦးဗုတ်၊ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အုန်းညို၊ နဝဒေး၊ နတ်သျှင်နောင်၊ ဝန်ကြီးပဒေသရာဇာ စတဲ့ စာဆိုတွေ ပေါ်ထွန်းခဲ့ပါတယ်။ ကုန်းဘောင်ခေတ်မှာ အဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေ အလွန်အင်မတန်တိုးတက်ခဲ့ပါတယ်။ ဘကြီးတော်ဘုရားလက်ထက်မှာ မြဝတီမင်းကြီးဦးစနဲ့ သဘင်ဝန်ဦးသော်တို့က မြန်မာ့ရုပ်သေးသဘင်ကို တီထွင်ခဲ့ပါတယ်။ ဦးကြင်ဥ၊ ဦးပုညတို့ရဲ့ပြဇာတ်တွေ၊ မြဝတီမင်းကြီးဦးစ ရေးသားခဲ့တဲ့ အိနောင်နန်းတွင်းဇာတ်တို့မှာ ထင်ရှားခဲ့ပါတယ်။ ဂီတနဲ့ အတီးအမှုတ်ပညာအရာမှာ ပြင်စည်မင်းသား၊ လှိုင်ထိပ်ခေါင်တင်မင်းသမီးတို့မှာ ကျော်ကြားခဲ့ပါတယ်။ နှောင်းခေတ်ပိုင်းမှာ ရုပ်သေးဆရာပု၊ ဦးဖိုးညို၊ ဇာတ်သဘင်မှာ မထွေးလေး၊ အောင်ဗလ၊ ဦးဘိုးစိန်၊ ဦးစိန်ကတုံး၊ ရွှေမန်းတင်မောင်၊ ကနက်စိန်၊ စိန်အောင်မင်း စတဲ့ အကဇာတ်သဘင်ပညာရှင်တို့မှာ ထင်ရှားခဲ့ပါတယ်။ ဆိုင်းပညာအရာမှာ ဦးရောင်နီ၊ ဆရာဖေ၊ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဦးဟန်ပ၊ ဦးဘမောင် စတဲ့ ဆိုင်းအတီးပညာရှင်တွေ ပေါ်ထွန်းခဲ့ကြပါတယ်။

## ၁၉၉၃ ခုနှစ်မှစတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့

မြန်မာနိုင်ငံမှာ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်တွေ တည်တံ့စေဖို့နဲ့ တိုးတက်မြင့်မားစေဖို့အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ရည်ရွယ်ချက်ကောင်းတွေ ချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာလအတွင်းမှာ ကျင်းပခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒီလို ကြာမြင့်ချိန်ကာလအတွင်း ပြိုင်ပွဲဝင်သူအချို့မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်တွေနဲ့ ကင်းကွာစပြုလာပါတယ်။ ပြိုင်ပွဲကြီးမကျင်းပခဲ့လို့ သမ္ဘာရင့်၊ ဝါရင့် သက်ကြီးပညာရှင်တွေအနေနဲ့ သူတို့ တတ်ကျွမ်းထားတဲ့ အနုပညာအမွေတွေကို လက်ဆင့်မကမ်းနိုင်ခဲ့ပါ။ အချို့မှာ တိမ်းပါးကွယ်လွန်ခဲ့ကြပါပြီ။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ထိုကာလမတိုင်မီကတည်းကပင် မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာနဲ့ ဆန့်ကျင်တဲ့ သရုပ်လွန်ဂီတတွေ၊ စကားလုံးကြမ်းကြမ်းနဲ့ သီဆိုထားတဲ့ တေးသီချင်းတွေ၊ ငြိမ့်ညောင်းညက်ညောမှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လှုပ်ရှားကပြမှုတွေဟာ လူငယ်ထုအတွင်းကို အတိုင်းအတာတစ်ခုအထိ ဝင်ရောက်စပြုခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာ့ရိုးရာ အဆို၊ အတီး၊ အကပညာရပ်တွေကို ထိန်းသိမ်းဆောင်ရွက်ထားသူ ပညာရှင်ကြီးတွေ၊ မြန်မာ့ရိုးရာအနုသုခုမ ပညာရပ်တွေကို မြတ်နိုးတွယ်ဖက်ထားသူ ဝါသနာရှင်လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အားကိုးတကြီး မျှော်လင့်ခဲ့ကြပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့ရာ အနုပညာရှင်ပေါင်း ၁၈၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အနုပညာရှင် ၁၇၀ တို့က အကဲဖြတ်ခဲ့ကြပါတယ်။ နေပြည်တော်ရှိ MICC-2၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမနဲ့ လေ့ကျင့်ရေးဇာတ်ရုံ၊ မြို့တော်ခန်းမ၊ လဟာပြင်ဇာတ်ရုံ စတဲ့နေရာတွေမှာ ကဏ္ဍအလိုက် ကျင်းပခဲ့ပါတယ်။ ဒါ့ပြင် ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ငါးပါဒအက္ခရာ ရုပ်စုံပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ၊ မြန်မာအက၊ အခြေခံကဗျာလွတ်အကပြိုင်ပွဲတွေအပြင် အဆိုပြိုင်ပွဲတွေကို အောင်မြင်စွာ ထည့်သွင်းကျင်းပနိုင်ခဲ့ပါတယ်။ ရွက်ပုန်းသီးအနုပညာရှင်တွေ ပေါ်ထွက်ခဲ့ရာ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရပါ ပြည့်စုံပါတယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ အရေးပါတဲ့အောင်မြင်မှုတစ်ရပ်ပဲဖြစ်ပါတယ်။

## ခမ်းနားသိုက်မြိုက်စွာ ကျင်းပ

ယခု ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ပါတယ်။ ဗဟိုအဆင့်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြီး ဆုပေးပွဲကို အောက်တိုဘာလ ၃၁ ရက်နေ့မှာ ကျင်းပသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးအခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေးသတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီတို့ကို ဖွဲ့စည်းကာ စနစ်တကျ ဆောင်ရွက်လျက်ရှိတယ်။ ဒီပြိုင်ပွဲကြီးရဲ့ ဦးတည်ချက်များမှာ "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့်

စာမျက်နှာ ၂၄ သို့ ✻

❝ လူသားတို့ဟာ ပျော်ရွှင်ဝမ်းသာဖွယ်ရာနဲ့ ကြုံတွေ့ရင် ရယ်မောတဲ့အသံ၊ ဝမ်းနည်းတာ၊ ကြောက်ရွံ့တာတို့နဲ့ ကြုံရင် ငိုကြွေးတဲ့အသံဆိုပြီး ဖြစ်ပေါ်လာကြပါတယ်။ လူ့လောကသဘာဝအရ သာယာတဲ့အသံကို အလိုရှိကြရာ ၎င်းတို့ကို ပြောဆိုလာကြရာမှ သီဆိုမှုဆိုတာ စတင်ပေါ်ပေါက်လာပါတယ်။ ဒီသီဆိုမှုကို အချက်ပေးတဲ့အနေနဲ့ လက်ခုပ်တီး လက်ဝါးတီးတာ၊ ဖနောင့်ဆောင့်တာတို့ ပြုလုပ်ကြရာမှ ကခုန်ခြင်းဆိုတာ ပေါ်ပေါက်လာပါတယ်။ သီဆိုကခုန်မှုနဲ့အတူ သစ်တုံးကိုခေါက်တာ၊ ဝါးလုံးကိုခေါက်တာတို့မှ စတင်ကာ တူရိယာပစ္စည်းတွေ ပေါ်ပေါက်လာခဲ့ ❞

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက်အမှတ်(၁၉)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၇၅၂/ခ)ရှိ (အလျား၂၀ပေx အနံ၆၀ပေ)ပေရှိ ဦးမြင့်သိန်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးကို[၁၄/လပတ(နိုင်)၂၃၉၇၆၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်ဦး[၁၂/ရပသ(နိုင်)၁၀၁၀၃၁]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)**
**အမှတ်-၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-၄၁၇၊ ဦးပိုင်အမှတ်(၆၈-က)၊ ၁၉လမ်းx ၂၂ လမ်းကြား၊ မြို့ပတ်သံလမ်းကြားနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်လွင်(ခ)ဝမ်ကွယ်တာ [၁၃/ကခန(နိုင်)၀၁၀၀၀၉]က အမှုတွဲအမှတ်- ၅၁၄၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သီတာမိုး [၁၂/မဂဒ(နိုင်)၀၁၅၁၄၇]၊ ဒေါ်မိုးနီလာ [၁၂/မဂဒ(နိုင်)၀၀၅၉၄၄] ဒေါ်သန်းအေး[၁၂/တကန(နိုင်)၁၆၉၀၅၃] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်းသန်း [၁၂/အလန(နိုင်)၀၃၄၃၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သီတာမိုး(အေဂျင်စီအကျိုးဆောင်)၊ ဒေါ်မိုးနီလာ(Keep up Exports & Imports) နှင့် ဒေါ်သန်းအေး (SHWE PAN LWIN Co.,Ltd. ပိုင်ရှင်)တို့(၃)ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်းသန်းမှ ဒေါ်သီတာမိုးနှင့် ဒေါ်မိုးနီလာ (Keep up Exports & Imports) ၏ မိတ်ဆက်ပေးမှုအရ ဒေါ်သန်းအေး (SHWE PAN LWIN Co.,Ltd.) ပိုင်ရှင်ဖြစ်သူနှင့် သိရှိကာ (၂၁-၂-၂၀၂၃)ရက်တွင် ကုမ္ပဏီအား အမည်ငှား/အမည်ခံပြုလုပ်အသုံးပြုရန် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ထိုစာချုပ်အရဆက်သွယ်ပြီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးနှင့် (Normal Trade) ကုန်သွယ်ရေးမှတစ်ဆင့် ရေထွက်ပစ္စည်းများတင်ပို့ရန် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ အကျိုးတူလုပ်ငန်းများ အတူတကွဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်(၂၃-၅-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ၌ တရားလွှတ်တော်ရှေ့နေများဖြစ်သည့် ဦးထွန်းမင်းသိန်း(စဉ်-၁၆၇၈၃)နှင့် ဒေါ်ဇင်ဇာထွေး (စဉ်-၁၁၁၁၁)တို့မှ ကြေညာရာတွင် ဒေါ်သီတာမိုးမှ (Keep up Exports & Imports)အေဂျင်စီမှ ဒေါ်မိုးနီလာနှင့် ပတ်သက်ဆက်နွယ်မှုမရှိကြောင်း ကြေညာချက်ပါရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်းသန်းနှင့် သတင်းစာမကြေညာမီနှင့် ကြေညာပြီးနောက်ပိုင်း ဆက်စပ်လုပ်ကိုင်နေသည့် လုပ်ငန်းများနှင့် ပတ်သက်သည့်ဖြစ်ပေါ်လာသည့် ပြဿနာများနှင့် ပတ်သက်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါသည်။ ပြုလုပ်ဆောင်ရွက်ပေးခြင်း မပြုလုပ်ပါကမလွှဲ မရှောင်သာဘဲတည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၁၂၈၇၅/၉-၄-၁၉၈၆)**
**၁၇/၂၁၊ ၃၅လမ်း(အောက်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၂၆၆၅၀၁၅၄၃၊ ၀၉ - ၃၁၁၅၃၃၄၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဟူမေရာ (ခ)သီတာအောင် (ဘ) ဦးမြင့်အောင်[၁၂/ပဘတ(နိုင်)၀၃၁၀၄၃]၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၈၃၄၆၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-၄၁၇၊ ဦးပိုင်အမှတ်(၆၈-ဓ)၊ ၁၉လမ်းx ၂၂ လမ်းကြား၊ မြို့ပတ်သံလမ်းကြားနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်လွင် (ခ)ဝမ်ကွယ်တာ [၁၃/ကခန(နိုင်)၀၁၀၀၀၉]က အမှုတွဲအမှတ်- ၅၁၅၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်-(ဟ-၄)၊ ဦးပိုင်အမှတ် ၃-(ခဲစင်း)၊ ၇၁လမ်းပေါ်၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်သန်း [၇/ရတန (နိုင်)၀၄၁၆၂၄]၏ (S.P ရရှိသူ ဦးကျော်သူဟိန်း)က အမှုတွဲအမှတ်- ၅၁၆၈/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ တိုက်အမှတ် (၆၃)၊ ၄လွှာ (အေ)၊တတိယထပ်၊ အကျယ်အဝန်း (၁၂' x ၅၀)ပေရှိ ရေ၊ မီး အစုံတိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ရည်ညွှန်းဖော်ပြလိပ်စာအတိုင်းအတာပါ တိုက်ခန်းအား တရားဝင်လက်ဝယ်ထားလက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ **ဒေါ်နှင်းရည်ဝင်း** (၁၄/မမန(နိုင်) ၃၁၁၂၂၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေများသည် အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဘိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စာချုပ်ပါ အသိသက်သေလူကြီးများ ရှေ့မှောက်တွင် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါရှိသည့် နေ့/ရက်မှစတင်၍ (၇)ရက်ပြည့်မြောက်သည့် နေ့/ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ **ဦးချစ်ကိုကို**
**တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်**
**(စဉ် - ၂၈၀၃/၁၇.၁၀.၈၄)**
အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း။ ၀၁-၂၅၂၉၂၄၊ ၀၉-၅၁၀၁၂၈၂၊ ၀၉၇၅၈၂၃၀၁၂၀

## ကွန်ဒိုတိုက်ခန်းများ အပြီးအပိုင်လွှဲပြောင်းပေးကမ်းခြင်းအား အသိပေးကြေညာခြင်း

မိခင်ကြီး ဒေါ်မြရွှေကို ဦးထိပ်ထား၍ သမီးကြီးဖြစ်သူ ပိုင်ရှင် ဒေါ်ကျင်အေး (၁၂/တမန (နိုင်) ၀၆၇၆၄၇) နှင့် သားကြီးဖြစ်သူ ပိုင်ရှင် ဦးစန်းဝင်း (၁၂/လမန (နိုင်) ၁၃၈၇၁၈)တို့မှ မောင်/ညီအရင်းတော်စပ်သူ (၁၃-၉-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားသော (ဦးအေးဝင်း)၏ ဇနီး ဒေါ်ကြည်ကြည်ပြုံး နှင့် တူမများဖြစ်ကြသည့် မစင်သီယာအေးဝင်း ၊ မခင်သီယာအေးဝင်း ၊ မဖြူစင်အေးဝင်းတို့အတွက် အောက်ဖော်ပြပါ အဆင့်မြင့် ကွန်ဒိုအခန်းများ အပါအဝင် အခြားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း များ [ အမှတ်စဉ် (၁ ၊ ၂) ] တို့အား မေတ္တာဖြင့် ပေးကမ်းခြင်း ကတိစာချုပ်ဖြင့် အပြီးအပိုင် လွှဲပြောင်းပေးကမ်းခြင်းအား အသိပေး ကြေညာပါသည်-

၁။ ။ ပစ္စည်းစာရင်း - ပြည့်စုံချမ်းသာကွန်ဒို အမှတ်(၃)မှ တိုက်ခန်းများ
- (မြေပိုင်ရှင်နှင့် ကန်ထရိုက်တာ)တို့ အကျိုးတူ ဆောက်လုပ်ခြင်း

| စဉ် | အမည် | အခန်းအမှတ် | အကျယ်အဝန်း | မှတ်ချက် |
|---|---|---|---|---|
| (က) | ဒေါ်ကြည်ကြည်ပြုံး | ၁။ 306 (3 fl) | 1644 Sq/ft | အခန်းအသစ်များ ဖြစ်သည်။ |
| | (၁၂/သကတ (နိုင်) ၀၁၂၀၅၂) သို့ | ၂။ 606 (6 fl) | 1644 Sq/ft | လူနေထိုင်ခြင်း (လုံး၀) မရှိ |
| | လွှဲပြောင်းပေးကမ်းခြင်း | ၃။ 605 (6 fl) | 1644 Sq/ft | သေးပါ။ BCC ရပြီး ဖြစ်သည်။ |
| | | ၄။ 703 (7 fl) | 1590 Sq/ft | |
| | | ၅။ 201 (2 fl) | 1580 Sq/ft | |
| (ခ) | မစင်သီယာအေးဝင်း | ၁။ 304 (3 fl) | 1630 Sq/ft | အခန်းအသစ်များ ဖြစ်သည်။ |
| | (၁၂/လမန (နိုင်) ၁၃၉၀၀၆) သို့ | ၂။ 302 (3 fl) | 1605 Sq/ft | လူနေထိုင်ခြင်း (လုံး၀) မရှိ |
| | လွှဲပြောင်းပေးကမ်းခြင်း | ၃။ 203 (2 fl) | 1590 Sq/ft | သေးပါ။ BCC ရပြီး ဖြစ်သည်။ |
| | | ၄။ 303 (3 fl) | 1590 Sq/ft | |
| | | ၅။ 601 (6 fl) | 1580 Sq/ft | |
| (ဂ) | မခင်သီယာအေးဝင်း | ၁။ 705 (7 fl) | 1644 Sq/ft | အခန်းအသစ်များ ဖြစ်သည်။ |
| | (၁၂/လမန (နိုင်) ၁၄၉၆၁၄) သို့ | ၂။ 104 (1 fl) | 1630 Sq/ft | လူနေထိုင်ခြင်း (လုံး၀) မရှိ |
| | လွှဲပြောင်းပေးကမ်းခြင်း | ၃။ 604 (6 fl) | 1630 Sq/ft | သေးပါ။ BCC ရပြီး ဖြစ်သည်။ |
| | | ၄။ 603 (6 fl) | 1590 Sq/ft | |
| | | ၅။ 301 (3 fl) | 1580 Sq/ft | |
| (ဃ) | မဖြူစင်အေးဝင်း | ၁။ 305 (3 fl) | 1644 Sq/ft | အခန်းအသစ်များ ဖြစ်သည်။ |
| | (၁၂/လမန (နိုင်) ၁၅၅၂၂၁) သို့ | ၂။ 205 (2 fl) | 1644 Sq/ft | လူနေထိုင်ခြင်း (လုံး၀) မရှိ |
| | လွှဲပြောင်းပေးကမ်းခြင်း | ၃။ 106 (1 fl) | 1644 Sq/ft | သေးပါ။ BCC ရပြီး ဖြစ်သည်။ |
| | | ၄။ 102 (1 fl) | 1605 Sq/ft | |
| | | ၅။ 701 (7 fl) | 1580 Sq/ft | |
| | | ၆။ 602 (6 fl) | 1605 Sq/ft | |

မှတ်ချက်။ ။ ဆောက်လုပ်ဆဲ ကန်ထရိုက်တာမှ လွှဲပြောင်းလက်ခံမှုများ ရရှိပါက Mezzanine Floor ရှိ အခန်းနှင့် Penthouse ရှိ အခန်းအား မစင်သီယာအေးဝင်း (၁၂/လမန (နိုင်) ၁၃၉၀၀၆) နှင့် မခင်သီယာအေးဝင်း (၁၂/လမန(နိုင်)၁၄၉၆၁၄)တို့ကို လွှဲပြောင်း ပေးကမ်းသွားမည်ဖြစ်သည်။

၂။ ။ ပစ္စည်းစာရင်း - ပြည့်စုံချမ်းသာကွန်ဒို အမှတ်(၂)မှ တိုက်ခန်းများ
- (မြေပိုင်ရှင်နှင့် ကန်ထရိုက်တာ)တို့ အကျိုးတူ ဆောက်လုပ်ခြင်း

(က) လူနေထိုင်ခြင်း (လုံး၀) မရှိသေးပါ။ BCC ရပြီး ဖြစ်သည့် Mezzanine Floor ရှိ အကျယ်အဝန်း 1300 Sq/ft ရှိ အခန်း(၁)ခန်းနှင့် Penthouse ရှိ အကျယ်အဝန်း 3200 Sq/ft ရှိ အခန်း (၁)ခန်းတို့ အား မဖြူစင်အေးဝင်း (၁၂/လမန (နိုင်) ၁၅၅၂၂၁) သို့ လွှဲပြောင်း ပေးကမ်းပြီး ဖြစ်သည်။

( ခ) ပြည့်စုံချမ်းသာကွန်ဒို အမှတ် (၂)၏ အလွှာအသီးသီးရှိ အကျယ်အဝန်း 1600 Sq/ft ခန့်စီရှိသည့် အဆင့်မြင့်ကွန်ဒို တိုက်ခန်း စုစုပေါင်း (၁၀)ခန်းကို ဦးအေးဝင်း သက်ရှိထင်ရှား ရှိစဉ်ကာလနှင့် ကွယ်လွန်ပြီးနောက်ပိုင်း ကာလတို့၌ ရောင်းချ၍ ရရှိသော ငွေကြေးမြောက်များစွာကို (ဦးအေးဝင်း - ကွယ်လွန်)နှင့်ဇနီး ဒေါ်ကြည်ကြည်ပြုံး (၁၂/သကတ (နိုင်) ၀၁၂၀၅၂) သို့ လွှဲပြောင်း ပေးကမ်းပြီး ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးသက်လွင်ဦး**
**LL.B, LL.M, D.B.L, D.M.L, D.I.L, PGDL,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(၁၈၃၃၉)**

**ဒေါ်နှင်းအိခိုင်**
**B.Sc, LL.B, LL.M, PGDL, D.A, D.M.A.C, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(၁၈၂၄၀)**

**အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးပိုင်မြင့်
### ဒုတိယညွှန်ကြားရေးမှူးချုပ်
### အသက်(၅၆)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးပိုင်မြင့်သည် ၂၇-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၅:၀၉ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်း မိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးပိုင်မြင့်
### ဒုတိယညွှန်ကြားရေးမှူးချုပ်
### အသက်(၅၆)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးပိုင်မြင့်သည် ၂၇-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၅:၀၉ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးပိုင်မြင့်
### ဒုတိယညွှန်ကြားရေးမှူးချုပ်
### အသက်(၅၆)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးပိုင်မြင့်သည် ၂၇-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၅:၀၉ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ပြည်သူ့အင်အားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီးဒေါ်အုန်းကြည်
## အသက် (၈၂)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဒေသကြီး မန်နေဂျာ ဦးအေးသိုက်-ဒေါ်ဝင်းဝင်းစိုးတို့၏ မိခင်ကြီး ဆရာမကြီး ဒေါ်အုန်းကြည်သည် ၂၆-၁၀-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပဲခူးတိုင်း(အနောက်ပိုင်း)**
**တိုင်းဒေသကြီးမန်နေဂျာရုံးဝန်ထမ်းများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/၁၉၄၉(က)၊ မြေကွက်အမှတ်-၁၉၄၉/က၊ ဒေါ်လှရီ [၁၂/လမန(နိုင်)၀၂၁၁၅၀]အမည်ပေါက်၍(၃၁-၃-၉၃)ရက်နေ့က အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ရထားသော(၂၀x၆၀) ပေမြေကွက်(ယခုအခေါ်)ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်-၁၉၄၉(က)ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦအား ဒေါ်လှရီထံမှ အရပ်အရောင်းအဝယ်စာချုပ်ဖြင့် (၁၅-၂-၉၇)ရက်နေ့တွင် ဝယ်ယူခဲ့ပြီး ယနေ့တိုင်လက်ဝယ်ထားရှိနေထိုင်လျက် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသူ ဦးကျော်အေး(ဘ)ဦးမောင်ဟန်[၁၂/လမန(နိုင်)၀၈၅၄၃၁]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာမှတ်စာတမ်းများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမြင့်စိုး(LL.B) (စဥ်-၁၀၃၇၅)** — **ဖုန်း-၀၉-၇၉၉၉၂၆၁၀၃**
**ဒေါ်ဟန်အေး(LL.B)(D.B.L) (စဥ်-၁၂၄၇၉)** — **ဖုန်း-၀၉-၄၂၀၀၇၇၀၃၅**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၁၄၊ သုခမိန်လမ်း၊ ပန်းခြံ(၃)၊ တ/၁၅ ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဆရာမကြီး ဒေါ်အုန်းကြည်
### B.A(Ed), B.Ed အထပြ(ငြိမ်း)
### အထက(၁)၊ မော်ကျွန်း
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (၆၇)၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်နေ [ဆရာကြီး ဦးအောင်သိုက်(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၏ဇနီး၊ ဦးမျိုးသိုက်-ဒေါ်ခိုင်ဝါစိုး၊ ဦးငွေအောင်-ဒေါ်မေစိုးသိုက်၊ ဦးအေးသိုက်-ဒေါ်ဝင်းဝင်းစိုး၊ ဒေါ်ဆွေဆွေသိုက်၊ ဦးကျော်စွာသိုက်-ဒေါ်မေမွန်အောင်တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၂၃ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## မမြတ်မဥ္ဇူ(ခ)ဖူးဖူး
## အသက်(၃၂)နှစ်

ဦးသိန်းဟန်-ဒေါက်တာတင်တင်မိုး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)တို့၏သမီး၊ ဦးနိုင်လင်းသူ၏ ချစ်လှစွာသောဇနီးဖြစ်သူ မမြတ်မဥ္ဇူ(ခ) ဖူးဖူးသည် ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) ည ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မမြတ်မဥ္ဇူ(ခ)ဖူးဖူး
## အသက်(၃၂)နှစ်

ဦးသိန်းဟန်-ဒေါက်တာတင်တင်မိုး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)တို့၏သမီး၊ ဦးနိုင်လင်းသူ၏ ချစ်လှစွာသောဇနီးဖြစ်သူ မမြတ်မဥ္ဇူ(ခ) ဖူးဖူးသည် ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) ည ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဦးနှင့်မိသားစု**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မမြတ်မဥ္ဇူ(ခ)ဖူးဖူး
## အသက်(၃၂)နှစ်

ဦးသိန်းဟန်-ဒေါက်တာတင်တင်မိုး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)တို့၏သမီး၊ ဦးနိုင်လင်းသူ၏ ချစ်လှစွာသောဇနီးဖြစ်သူ မမြတ်မဥ္ဇူ(ခ) ဖူးဖူးသည် ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) ည ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ**
**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ ရတနာလမ်းသစ်၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၀၀၃)၏ အမည်ပေါက် ဒေါ်ခင်ပြုံးမော် [၃/ကဆက(နိုင်)၀၁၇၈၈၅]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စိုးစိုးအေး[၁၂/ကတတ(နိုင်)၀၁၄၉၈၅]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၁-၁၀-၂၀၂၃) ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၄)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်နန့်ရှုဂေးခလိန်၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်းတွင် တိုက်ခန်းအကျယ်အဝန်း (၁၉'x၄၅') အစား (၁၉'x၅၄')ဟုလည်းကောင်း၊ (၁၉-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်နန့်ရှုဂေးခလိန်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းတွင် တိုက်ခန်းအကျယ်အဝန်း (၁၉'x၅၅') အစား (၁၉'x၅၄') ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးပိုင်မြင့်
### (ဒုတိယညွှန်ကြားရေးမှူးချုပ်)
### အသက်(၅၆)နှစ်

ဦးချမ်းသာ-ဒေါ်အိသီရိခိုင်တို့၏အစ်ကိုဖြစ်သူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးပိုင်မြင့်သည် ၂၇-၁၀-၂၀၂၃ (သောကြာနေ့) နံနက် ၅:၀၉ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

## ဒေါ်ဝင်းကြည်
### (ရေတာရှည်မြို့)
### အသက်(၇၆)နှစ်

အမှတ်(၁၃)၊ ဘန္ဓုလပင်လမ်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်တင်ဥ)တို့၏သမီး၊ ဦးမောင်မောင်လေး၏ ဇနီး၊ (ဦးစိုးမင်းသက်)-ဒေါ်သန္တာမျိုး (မင်းသီဟကေတုမတီမြို့)၊ ဦးဖြိုးကျော်မြင့် - ဒေါ်မြတ်သက်မွန်၊ ရန်ကုန်မြို့တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မစန်းအေးလင်း၊ မောင်လင်းခန့်ပိုင်၊ မောင်ဇွဲဇေယျာလွင် မြေးသုံးယောက်တို့၏ အဘွားသည် ၂၇-၁၀-၂၀၂၃ (သောကြာနေ့) ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၂၃ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ၊ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ကျန်ရစ်သူမိသားစုမှ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀.၃၊ ဦးပိုင်အမှတ် (၂၄)၊ ၇၂x၇၃ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ချိုဝင်း [၉/မရတ(နိုင်)၁၀၆၇၂၈] က အမှုတွဲအမှတ်-၅၁၅၈/ ၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းထွန်း(မော်လမြိုင်)
### အသက်(၈၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်နေ (ဦးဖိုးနီ-ဒေါ်စံ)တို့၏သား၊ (ဦးခဲရှိန်-ဒေါ်မတာ)တို့၏သားသမက်၊ (ဒေါ်ငုံဝေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ငွေမြင့်)၏မောင်၊ (ဦးမောင်ထွန်း-ဒေါ်တင်ဝ)တို့၏ညီ၊ (ဦးသာ)-ဒေါ်လုံး၊ (ဦးချစ်မောင်-ဒေါ်မုန်း)၊ (ဦးချစ်)-ဒေါ်သန်းကြည်၊ (ဦးကြက်တော)-ဒေါ်သန်းအေး တို့၏အစ်ကို၊ ဦးလှသွင်-ဒေါ်မီမီစိန် တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မသီရိဆု Grade-X Success ကိုယ်ပိုင်အထက်တန်းကျောင်း ၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဦးသန်းထွန်း အသက်(၈၉)နှစ်သည် ၂၈-၁၀-၂၀၂၃ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၂၃ရက်(သောကြာနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


## ဦးဇော်ဝင်း
### ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
### မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
### အသက်(၈၄)နှစ်

ဦးကွန်းရွှေ-ဒေါ်ခင်အေးတို့၏ တစ်ဦးတည်းသောသား၊ ဦးဘို - ဒေါ်ခင်ခင်ကြီးတို့၏သားသမက်၊ Dr. မြစိုးဆင့် (Retired Consultant Physician – Kingston Public Hospital) (Jamaica) ၏ ခင်ပွန်း၊ ဦးအောင်မော်သိန်း – Dr. မိုးမြတ်ဝင်း (MDG)၊ Dr. ကျော်စိုးဝင်း–ရွှေစင်မြိုင်(Jamaica)၊ Dr. စိုးပိုင်ကျော် – မွန်ရည်ဝင်း (USA)၊ ဦးအာကာဝင်း–Agne Winn (USA) တို့၏ မွေးသဖခင်၊ Alvin အောင်ဇင် – Angelia၊ မင်းခန့်၊ မေမွန်၊ ခင်ပျို၊ ညီရိန်ကျော်၊ သစ္စာကျော်၊ Eva Winn တို့၏ အဘိုး ၊ Allison ပန်းမှုံ နှင့် Aaron ခိုင်ခန့်တို့၏ ဘိုးဘိုးကြီး ဦးဇော်ဝင်းသည် Jamaica နိုင်ငံ နေအိမ်၌ ၂၆-၁၀-၂၀၂၃ ရက် မြန်မာစံတော်ချိန် နံနက် ၁၀: ၁၃ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် Jamaica နိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိသားစုမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးပြီး၊ ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။
ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်...**

❖ **ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

**၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး** စာမျက်နှာ » ၁၁

**ပိုးလမ်းမကွန်ရက်မှသည် ကမ္ဘာပတ်လမ်းဆီသို့** ဆောင်းပါး စာမျက်နှာ » ၁၆

**(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး** ဆောင်းပါး စာမျက်နှာ » ၂၃




## ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၂၈

အနော်ရထာမင်းလက်ထက်မှစတင်၍ ရိုးရာမပျက်ကျင်းပလာသည့် နှစ်ပေါင်း ၉၀၀ ကျော် ရှိပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် ကျင်းပသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✳

## ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီးအမှတ်ပေးဇယားထိပ်ဆုံး၌ စပါးအသင်း ဆက်လက်ရပ်တည်လျက်ရှိ

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ရဲ့ အစောဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ စပါးအသင်းတို့ရဲ့ ပွဲစဉ်မှာ စပါးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပါတယ်။

စပါးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၀)ပွဲ ကစားပြီးချိန်မှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိစံချိန်နဲ့အတူ ရမှတ် ၂၆ မှတ်ရရှိထားတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ အခုရာသီမှာ သွင်းဂိုး ရှစ်ဂိုးရှိလာခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ❁




## MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်း နိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) တတိယနေ့ကို အောက်တိုဘာ ၂၈ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ဟံသာဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဇယား တတိယနေရာအတွက် ဖိအားပေးနိုင်သည့် မဟာယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ■

